# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မီးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၄)၊ အမှတ် (၀၅၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ဒုတိယနေ့ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်တာဝန်ရှိသူများ၊ သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

*စာမျက်နှာ ၄ ကော်လံ ၁*

**ယနေ့ ဖတ် စ ရာ**

**မသန်စွမ်းသူများအတွက် အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေး ဝိုင်းဝန်းကူညီပေး**

ဆောင်းပါး စာ ၁၀

**မျောက်ကျောက်ရောဂါက ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ အဖြစ်ရှိနေ**

နိုင်ငံတကာသတင်း စာ ၁၃



**၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၆၁၅ တွဲ ရောင်းချနိုင်ခဲ့**

ပြည်တွင်းသတင်း စာ ၁၄

# အန္တိမ ရည်မှန်းချက်ဆီသို့ မမှိတ်မသုန် လျှောက်လှမ်းလျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေးဟူသော အန္တိမရည်မှန်းချက်ကို ချမှတ်ထားပြီး လက်ရှိကာလတွင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေး၊ နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးတို့အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

မိမိတို့နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် ကျင်းပခဲ့ရာ ၂၀၁၀ နှင့် ၂၀၁၅ ရွေးကောက်ပွဲတို့တွင် ရွေးကောက်ပွဲဆိုင်ရာ တိုင်ကြားမှုအချို့ရှိခဲ့သော်လည်း ပြေလည်အောင် ဖြေရှင်းနိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ရာ တပ်မတော်နှင့် နိုင်ငံရေးပါတီများက UEC အဆင့်၊ ယင်းမှ ပြည်ထောင်စုလွှတ်တော်အဆင့်နှင့် အစိုးရအဆင့်တို့သို့ ဖြေရှင်းပေးရန် ဥပဒေနှင့်အညီ တောင်းဆိုခဲ့သလို သက်ဆိုင်ရာအဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များက ရင်ဆိုင်ဖြေရှင်းရဲခြင်းမရှိခဲ့။

စစ်ဆေးချက်များအရ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ်ပေါင်း ၃၁၅ မြို့နယ်တွင် နိုင်ငံရေးစိစစ်ရေးကတ်မရှိဘဲ မဲပေးခဲ့သူ ၄၆၄၈၂၇၀ ဦး (၄ ဒသမ ၆ သန်းကျော်)၊ အသက် ၁၈ နှစ်မပြည့်ဘဲ မဲပေးခဲ့သူ ၁၄၄၁၂ ဦး၊ အသက် ၁၀၀ နှစ်အထက် မဲပေးခဲ့သူ ၂၀၅၆၆ ဦး၊ နှစ်ကြိမ်နှင့် သုံးကြိမ်အထက် မဲပေးခဲ့သူ ၃၈၉၁၆၁၁ ဦး အပါအဝင် မဲမသမာမှု စုစုပေါင်း ၁၁၃၀၅၃၉၀ ဦး (၁၁ သန်း ၃ သိန်းကျော်) ရှိကြောင်းတွေ့ရှိခဲ့ရသည်။ ထိုမျှ များပြားသည့် မဲမသမာမှုများကို မဖြေရှင်းဘဲ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ခေါ်ယူရန် မတရားကြိုးပမ်းခဲ့ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခြင်းနှင့် နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းခြင်းတို့ဖြစ်ပေါ်လာခဲ့ရခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စိစစ်တွေ့ရှိရသည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများကို နိုဝင်ဘာလ ၂၂ ရက်မှစတင်၍ မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား၊ ဂျပန်ဟူ၍ ဘာသာစကားငါးမျိုးဖြင့် Website နှင့် Mobile Application တို့တွင် လွှင့်တင်ထားရာ ပြည်တွင်းပြည်ပတို့မှ လေ့လာနိုင်ကြပြီ ဖြစ်သည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၁၉ ရက်က ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးတွင် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တက်ရောက်အမှာစကားပြောကြားရာတွင် "ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပါတီများမှတ်ပုံတင်ခြင်းများကို ဥပဒေနှင့်အညီ ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ ဒေသနှင့် တိုင်းရင်းသားအကျိုးကို တရားဥပဒေနှင့်အညီ တောင်းဆိုဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ပိုမိုပါဝင်လာနိုင်ရန် လိုအပ်ကြောင်း၊ လွှတ်တော်အတွင်း တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာပါဝင်လာရေး အချိုးကျကိုယ်စားပြုစနစ် (PR) ကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့် အမျိုးသားလွှတ်တော်တွင် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်နေကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

ရွေးကောက်ပွဲဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများတွင် အရေးပါသောလုပ်ငန်းစဉ်ဖြစ်သည့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် ၆၃ ရာခိုင်နှုန်းကျော် ကောက်ယူနိုင်ခဲ့ပြီး ဆက်လက်၍ ဆောင်ရွက်လျက်ရှိရာ ယခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းထားသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မိတ်ဆွေနိုင်ငံများ၏ထောက်ခံမှုများနှင့် ကူညီထောက်ပံ့မှုပေးမည့် အခြေအနေများကိုလည်း ရရှိထားရာ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင်ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံးက လှုပ်ရှားတက်ကြွပူးပေါင်းပါဝင်ကြရပါမည့်အကြောင်း။ ။

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နောက်နှစ်ရက်တွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

**စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ် တောတွင်းသစ်ပင်၊ အကုန်စုပ် တို့တွေရှူသွင်း၊ လေသန့်ရှင်း မချွင်းရမှာ၊ တောကသာ**

## ၂၀၂၄ ခုနှစ်၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများ တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာ ပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။

★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

## ကလောမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကလော နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ကလောမြို့အမှတ်(၁၀) ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ကျောင်းများသန့်ရှင်းသာယာလှပစေရေးနှင့် ခြင်အန္တရာယ်၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ယနေ့ နံနက်ပိုင်းက ကလောတပ်နယ် စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်၊ ကလောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်အဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးလင်းဇော်ထွေးတို့က ဦးဆောင်၍ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့်ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများပူးပေါင်း၍ ကလောမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ချုံ၊ နွယ်၊ သစ်ပင်၊ မြက်ပင်၊ ပေါင်းပင်များခုတ်ထွင်ရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။



အလားတူ ကလောမြို့နယ် ဟဲဟိုးမြို့ အမှတ်(၂)ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ မြို့အုပ်ချုပ်ရေးမှူး ဦးမိုးဇော် ဦးဆောင်၍ ဌာနဆိုင်ရာများက အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - စိုးစိုးနိုင် | သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းမှူး | - မြင့်စိုး | အကြီးတန်း | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များသေနတ်ပစ်ပြိုင်ပွဲ (32nd AARM) ပိတ်ပွဲအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၃၂) ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (32nd ASEAN Armies Rifle Meet–32nd AARM) ပိတ်ပွဲသို့ တက်ရောက်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံ Mabalacat မြို့သို့ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် Tarlas မြို့၊ Camp O'Donnell ရှိ လက်နက်ငယ်ကျွမ်းကျင်မှု လေ့ကျင့်ရေးကွင်း၌ ကျင်းပပြုလုပ်သည့် (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (32nd ASEAN Armies Rifle Meet–32nd AARM) ပိတ်ပွဲအခမ်းအနားသို့ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။

**အားပေးစကားပြောကြား**

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ (၃၂) ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲပိတ်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ဆုချီးမြှင့်ပွဲအပြီးတွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နေသည့် သေနတ်ပစ်အသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။ (၃၂) ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော် (ကြည်း) များ သေနတ်ပစ်ပြိုင်ပွဲတွင် သေနတ်ပစ်အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်သည့်အနက် မြန်မာ့တပ်မတော်ကိုယ်စားပြုအသင်းအနေဖြင့် အမှတ်ပေးပစ်ခတ်စဉ်များတွင် နိုင်ငံအလိုက် အဆင့်(၄)၊ အမှတ်ပေးပစ်ခတ်စဉ်နှင့် ထိလဲပြား ပစ်ခတ်စဉ် စုစုပေါင်းတွင် နိုင်ငံအလိုက် အဆင့်(၃) ရရှိခဲ့သည်။



**အထူးနေ့လယ်စာစားပွဲသို့တက်ရောက်**

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် Camp O'Donnell ရှိ ဖိလစ်ပိုင်ကြည်းတပ်ဗိုလ်သင်တန်းကျောင်း၌ ဖိလစ်ပိုင်ကြည်းတပ်ဦးစီးချုပ် Lt. Gen Roy M Galido က တည်ခင်းဧည့်ခံသော အထူးနေ့လယ်စာစားပွဲသို့ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်ခဲ့သည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ထို့ပြင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် Hilton Clark Hotel ရှိ Meeting Room–1 ၌ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံရုံး ယာယီတာဝန်ခံနှင့်ဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကားပြောကြား၍ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

**ပြန်လည်ရောက်ရှိ**

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၃ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း သန့်ရှင်းသာယာရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၃**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ (အ.လ.က-၃) ကျောင်းအတွင်း၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဆရာ ဆရာမများက ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး၊ သစ်ပင်များ အလင်းဖွင့်ခြင်း၊ ပေါင်းမြက်များနှင့် ရေမြောင်းများအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်တွင် စာအုပ်စာစောင်များ ထားရှိမှုကို ကြည့်ရှုအားပေးကာ စာကြည့်တိုက်အတွက် စာအုပ်များနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက် နေပြည်တော်ကောင်စီမှ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ ကံ့ကော်ပန်းအဝိုင်းလမ်းဆုံအနီး ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



✪ရှေ့ဖုံးမှ

အစည်းအဝေးတွင် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကဥ္စနကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။ ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ယင်းနောက် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အဌာရသမအစည်းအဝေး ဒုတိယနေ့၊ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီ၌ ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်ကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ဆက်လက်၍အဌမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက အတည်ပြုချက်ရယူပြီး အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အဌာရသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန်(ရွှေကျင်)ကျောင်းတိုက်ဆရာတော်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက စတ္တာလီသတိမအကြိမ် (၄၀) မြောက် အရုဏ်ဆွမ်းနှင့်နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းကြသည်။

သတင်းစဉ်

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တိပိဋကပါဠိ-မြန်မာအဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**



အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်က ဆောင်ရွက်လျက်ရှိသည့်တိပိဋကပါဠိ - မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ တိပိဋကပါဠိ - မြန်မာ အဘိဓာန် ဘာသာပြန်ဆိုရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဆရာတော်များကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဖွင့်သြဝါဒကထာမိန့်ကြား**

အစည်းအဝေးတွင်အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက အဖွင့်သြဝါဒကထာ မိန့်ကြားတော်မူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က တိပိဋကပါဠိ-မြန်မာအဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်းကို ၂၀၀၄ ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲ၏ တာဝန်ပေးအပ်ချက်အရ သာသနာရေးဝန်ကြီးဌာနက ဦးဆောင်၍ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် တက္ကသိုလ် ဒုတိယမြောက် ပါမောက္ခချုပ် ဆရာတော်၊ တက္ကသိုလ်ကြီး၏ လက်ရှိသြဝါဒါစရိယ၊ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ ဆရာတော်ကြီးက ဦးဆောင်၍ တက္ကသိုလ်ရှိ သင်ကြား ဆရာတော်ကြီးများ၊ သင်ကြားသီလရှင်များ၊ ဆရာကြီး၊ ဆရာမကြီးများက အဖွဲ့များခွဲ၍ ဘာသာပြန်ဆိုခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရာ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် VOLUME-I (A-U!urāja) အား ပထမအကြိမ်အဖြစ် အုပ်ရေ (၁၀၀၀) ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါကြောင်း၊ ယခုအခါ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၏ သြဝါဒလမ်းညွှန်ချက်အရ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ဒုတိယအကြိမ်အဖြစ် VOLUME-II (Ka-Kvaci) အား အုပ်ရေ (၁၀၀၀) ထပ်မံပုံနှိပ် ထုတ်ဝေနိုင်ခဲ့ပြီး ၂၀၂၄ခုနှစ်၊အောက်တိုဘာလမှစ၍ တိပိဋကပါဠိ -မြန်မာအဘိဓာန် ဘာသာပြန်ဆိုရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအဖွဲ့များအား ပြန်လည်ဖွဲ့စည်းကာ ဘာသာပြန်ဆိုရေး လုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

တိပိဋကပါဠိ - မြန်မာ အဘိဓာန် ဘာသာပြန်ဆိုရေး လုပ်ငန်းကော်မတီ၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေမှာ အတွဲအမှတ် ၁ မှ ၄ အထိ ဘာသာပြန်ဆိုပြီး ပုဒ်ပေါင်း ၇၂၃၆ လုံးအား ပထမအကြိမ်အဖြစ် စာအုပ်ထုတ်နိုင်ခဲ့ပြီး အတွဲအမှတ် ၅ မှ ၈ အထိ ဘာသာပြန်ဆိုပြီး ပုဒ်ပေါင်း ၅၀၃၆ ရှိသည့်အနက် ၂၀၃၄ ပုဒ်အား ဒုတိယအကြိမ်အဖြစ် စာအုပ်ထုတ်ဝေနိုင်ခဲ့ကာ ကျန်ရှိနေသည့် ၃၀၀၂ ပုဒ်အား ဆက်လက် ထုတ်ဝေသွားရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အတွဲအမှတ် ၉ မှ ၁၂ အထိ ဘာသာပြန်ဆိုရန် ပုဒ်ပေါင်း ၄၃၉၀ ရှိသည့်အနက် ဘာသာပြန်ဆိုပြီး ပုဒ်ပေါင်း ၃၂၇၃ ပုဒ်အား စိစစ်ဆောင်ရွက်လျက်ရှိရာ အတွဲအမှတ် ၁၃ မှ ၁၈ အထိ ဘာသာပြန်ဆိုရန်ပုဒ်ပေါင်း ၉၀၀၅ လုံးအား ဘာသာပြန်ဆိုသွားမည်ဖြစ်ပြီး အတွဲအမှတ် ၁၉ မှ ၂၅ အထိ အဆင့်ဆင့်ဘာသာပြန်ဆိုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှောက်ထားသည်။

**ညှိနှိုင်းဆွေးနွေး**

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် (စီမံ) ဦးဇော်ဇော်ဦးက တိပိဋကပါဠိ - မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြလျှောက်ထားရာ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အစည်းအဝေး တက်ရောက်လာကြသော ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော်နှင့်ပါမောက္ခဆရာတော်များက ညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ ဖြည့်စွက်ဆွေးနွေးလျှောက်ထားသည်။ ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက နိဂုံးချုပ်သြဝါဒကထာ မိန့်ကြားတော်မူပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် နယ်နိမိတ်အတွင်း စိုက်ပျိုးထားရှိသော မန်ကျည်းပျိုးဥယျာဉ် စိုက်ခင်းများကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လာမည့်မိုးရာသီတွင် ရန်ကုန်ဧရိယာ နယ်နိမိတ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်ကြီးများ၊ စေတီတော်ပရိဝုဏ်များနှင့် အမြန်လမ်းမကြီး ပတ်ဝန်းကျင်နေရာများတွင် မြေချစိုက်ပျိုးသွားနိုင်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သဲကုန်းမြို့၌ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး

**သဲကုန်း နိုဝင်ဘာ ၂၃**

သဲကုန်းမြို့၌ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုး/မြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က အ.ထ.က သဲကုန်းကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် သဲကုန်းမြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်က ရာသီဥတုပြောင်းလဲလာခြင်း၊ ရာသီဥတုပြောင်းလဲခြင်းအား လျှော့ချရမည့်နည်းလမ်းများ၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာမှုနှင့် လျှော့ချရမည့်နည်းလမ်းများ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့်အချက်များ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းကြောင့် ရာသီဥတုကောင်းမွန်



လာစေခြင်း အကျိုးကျေးဇူးများကို ဟောပြောပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းခဲ့ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေများကြောင့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြု

**နေပြည်တော် နိုဝင်ဘာ ၂၃**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကမ္ဘာလုံးဆိုင်ရာ အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာပညာရေး ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ တက်ရောက်




**နေပြည်တော် နိုဝင်ဘာ ၂၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရေးဝန်ကြီး မစ္စတာ ဟွေကျင်းဖန်း၏ ဖိတ်ကြားချက်အရ ထျန်းကျန်းမြို့၌ နိုဝင်ဘာ ၂၀ ရက်မှ နိုဝင်ဘာ ၂၂ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာ ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ - ၂၀၂၄ သို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

**ညစာစားပွဲအခမ်းအနားသို့တက်ရောက်**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် Tiankai Higher Education Innovation Park သို့ သွားရောက်လေ့လာခဲ့ကြပြီး ညနေပိုင်းတွင် ပညာရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဟွေကျင်းဖန်း၊ ဒုတိယဝန်ကြီးများ၊ ထျန်းကျန်းမြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ အခမ်းအနား တက်ရောက်ကြသည့် နိုင်ငံအသီးသီးမှ အကြီးအကဲများ၊ ပညာရေးဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ကာ ပညာရေးဝန်ကြီးနှင့် ထျန်းကျန်းမြို့တော်ဝန်တို့ တည်ခင်းဧည့်ခံသည့် ကမ္ဘာ့သက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာပညာရေး ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ-၂၀၂၄ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ကွမ်ရှီး စီးပွားရေးနှင့် ကုန်သွယ်ရေးသက်မွေးပညာကျောင်း (Guangxi Economic and Trade Vocational Institute) ကျောင်းအုပ်ကြီးနှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ ထျန်းကျန်းအစိုးရ အကူအညီဖြင့် ဖွင့်လှစ်လိုသည့် သင်တန်းကျောင်းနှင့် ပတ်သက်၍ အဆိုပြုလွှာများတင်ပြရေး၊ "အပ်ချုပ်လုပ်သားများ"၊ "အထည်ချုပ်ဒီဇိုင်း ဖန်တီးသူများ" ကဲ့သို့သော အဓိကဘာသာရပ်များအတွက် မြန်မာဘာသာပြန်စာအုပ်များ ထုတ်ဝေရေး အပါအဝင် ကွမ်ရှီးသင်တန်းကျောင်းမှ လာရောက်ကူညီပေးရေး ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့သည်။

**မိတ်ဆက်ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာ အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာ ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ - ၂၀၂၄ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ရာ ညီလာခံကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟွေကျင်းဖန်းက ဦးဆောင်ကာ ထျန်းကျန်းမြို့ ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ချန်မင်အယ်လ်၊ အမျိုးသားကွန်ဂရက်ကော်မတီ၏ ဒုဥက္ကဋ္ဌ မစ္စတာဝမ်သုန်မင်၊ UNESCO အထွေထွေညီလာခံ၏ ဥက္ကဋ္ဌ မစ္စတာ ဆိုင်မွန်မာ ရေးရာမိုင်ကူးတို့ အပါအဝင် ညီလာခံတက်ရောက်ကြသည့် နိုင်ငံ ၃၂ နိုင်ငံမှ ဝန်ကြီးအဆင့် ကိုယ်စားလှယ်များက မိတ်ဆက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကမ္ဘာလုံးဆိုင်ရာ အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို ခေါင်းစဉ် (၆) ခုဖြင့် တစ်ပြိုင်တည်း ကျင်းပခဲ့ပြီး ညီလာခံတွင် ပြည်ထောင်စုဝန်ကြီးက TVET မှတစ်ဆင့် ကျွမ်းကျင်မှု စွမ်းရည်မြှင့်တင်ခြင်းနှင့် သက်ဆိုင်သည့် အဓိကနယ်ပယ် (၃) ရပ်ဖြစ်သည့် ကျွမ်းကျင်မှု စွမ်းရည်မြှင့်တင်၍ လူငယ်လူရွယ်များအား ပျိုးထောင်ခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ TVET မဟာဗျူဟာ၊ အမျိုးသား TVET မူဝါဒ ဖွံ့ဖြိုးတိုးတက်ရေးနှင့် TVET အဖွဲ့အစည်းများ၏ ဆန်းသစ်သော အလေ့အကျင့်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အလုပ်သမားဈေးကွက်၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် စက်မှုကဏ္ဍနှင့် ပညာရေးကဏ္ဍတို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့အတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ညီလာခံအတွင်း တစ်ချိန်တည်း ကျင်းပနေသည့် အရည်အသွေးမြင့် အသက်မွေးဝမ်းကျောင်းပညာရေးသို့ မြှင့်တင်နိုင်မည့် လုပ်ငန်းခွင်နှင့် ပညာရေးပေါင်းစပ်ဆောင်ရွက်မှု (Industry–Education Integration Promoting High–Quality Vocational Education) ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုတွင် ပါဝင်၍ ပညာရေးဝန်ကြီးဌာန အောက်ရှိ တက္ကသိုလ်များတွင် ဖွင့်လှစ်ထားသော MSME အထောက်အကူပြုဘွဲ့၊ ဒီပလိုမာသင်တန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးအဆင့်စားပွဲဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရှိ ဝန်ကြီးဌာန ၁၃ ခု နှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းကာ TVET ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကျယ်ပြန့်စွာ ပံ့ပိုးပေးလျက်ရှိသည့် အခြေအနေကို ဆွေးနွေးခဲ့သည်။

**ဆုချီးမြှင့်ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့သက်မွေးပညာကောလိပ်အဆင့် ကျွမ်းကျင်မှုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက တတိယဆုရရှိခဲ့သည့် မြန်မာနိုင်ငံမှ သက်မွေးပညာ သင်ယူနေသည့် ကျောင်းသားအဖွဲ့ကို ဆုချီးမြှင့်ပေးအပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည့် ညီလာခံပိတ်ပွဲ အခမ်းအနား တက်ရောက်ခဲ့ကြပြီး ထျန်းကျင်းနိုင်ငံခြားဘာသာတက္ကသိုလ်သို့သွားရောက် လေ့လာ၍ မြန်မာဘာသာစကား သင်တန်းတက်ရောက်နေသော ကျောင်းသား ကျောင်းသူများကို တွေ့ဆုံနှုတ်ဆက်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထျန်းကျန်းလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ကြပြီး ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စိစစ်တွေ့ရှိရသည့် "မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ" ကို Website နှင့် Mobile Application တို့တွင် လေ့လာဖတ်ရှုနိုင်ပြီ




**နေပြည်တော် နိုဝင်ဘာ ၂၃**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် **"မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ"** အပေါ်စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်းသည့် Website နှင့် Mobile Application တို့ကို နိုဝင်ဘာ ၂၂ ရက်တွင် လွှင့်တင်ထားပြီးဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပမှ လေ့လာလိုသူများအနေဖြင့် လေ့လာဖတ်ရှုနိုင်ပြီ ဖြစ်သည်။

အဆိုပါ Website နှင့် Mobile Application တို့တွင် ရွေးကောက်ပွဲ အကြိုကာလ၌ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့မှုများ၊ ရွေးကောက်ပွဲ ကာလတွင် ဆောင်ရွက်ခဲ့မှုများ၊ ရွေးကောက်ပွဲအလွန်ကာလဖြစ်စဉ်များ၊ မြန်မာနိုင်ငံတစ်ဝန်းလုံး ရွေးကောက်ပွဲ ကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းစိစစ်ခြင်းနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးအပေါ် ခြုံငုံစစ်ဆေးတွေ့ရှိချက်၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များကိုပယ်ဖျက်ခြင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပေါ် သုံးသပ်ချက်၊ မှတ်တမ်းဓာတ်ပုံများ စသည်ဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို တစ်နေရာတည်းတွင် ကဏ္ဍစုံလင်စွာ လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

ထို့အပြင် မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား၊ ဂျပန် စသည့်ဘာသာစကား ၅ မျိုးဖြင့် လွှင့်တင်မည်ဖြစ်ရာ လေ့လာဖတ်ရှုလိုသူများသည် **https://2020election.uec.gov.mm** တွင်လည်းကောင်း၊ Mobile Application ကိုအဆိုပါ Website တွင် Download ရယူ၍လည်းကောင်း လေ့လာဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်

နေပြည်တော် နိုဝင်ဘာ ၂၃

**မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင် အခမ်းအနားသို့ ပါဝင်တက်ရောက်ကြသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ဦးဆောင်၍ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၇၀ တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသည်။**



ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ် ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထား ပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရေးအတွက် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကိုပြသသည်။

ထို့နောက် ကျောင်းသားကျောင်းသူများက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းအဆင့်ဆင့်တို့နှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူများသည် မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဂန္ဓကုဋိတိုက်များ၊ ကျောက်စာရုံစေတီတော်များ၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးနှင့် အခြားသာသနိကအဆောက်အအုံများကို လေ့လာကြည်ညိုကြသည်။

ထို့နောက် ကျောင်းသားကျောင်းသူများသည် အမျိုးသားပြတိုက် (နေပြည်တော်) နှင့် လှေခွင်းတောင်သို့ သွားရောက်လေ့လာ လည်ပတ်အပန်းဖြေကြသည်။

မွန်းလွဲပိုင်းတွင် Naypyitaw State Polytechnic University ရှိ ဘောလုံးကွင်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မျိုးဆက်သစ်အင်ဂျင်နီယာ အသင်းနှင့် မျိုးဆက်ဟောင်း အင်ဂျင်နီယာအသင်းတို့ ချစ်ကြည်ရေးဘောလုံးပွဲယှဉ်ပြိုင် ကစားကြရာ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် တာဝန်ရှိသူများ၊ ဆရာ ဆရာများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးညဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဦးမျိုးသန့်နှင့် Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျနှင့် တာဝန်ရှိသူများ၊ မျိုးဆက်ဟောင်းမှ အင်ဂျင်နီယာပညာရှင်များ/ ကွန်ပျူတာပညာရှင်များ၊ အသင်းအဖွဲ့များ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



## မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးဟောပြော

**တောင်ကြီး နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ မီးခိုးမြူငွေ့အန္တရာယ်လျှော့ချရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က ရှမ်းပြည်နယ် တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲ၌ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု၏ အဓိပ္ပာယ်၊ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုကြောင့် လူသားများနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု၊ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု လျှော့ချရမည့် နည်းလမ်းများ၊ ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများ၏ သိရှိလိုသည့် မေးမြန်းချက်များအား ပြန်လည်ဖြေကြားခြင်းနှင့် သင်တန်းသား သင်တန်းသူများအား မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် ပတ်သက်သည့် မေးခွန်းများကို ပြန်လည်မေးမြန်းကာ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယင်းနောက် လေထုထဲတွင်ပါဝင်သော PM 2.5 အကြောင်း အသိပညာပေးဗီဒီယို Clip ကိုပြသပြီး မီးခိုးမြူငွေ့ညစ်ညမ်းမှုအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**စိုးလင်း (တောင်ကြီး)**

## မှော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပေါက်ကုန်းကျေးရွာအုပ်စု ကျိုးပင်စိပ်ကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့် ဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၈၃ ဦး တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုး/အကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။




အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် မစိုးရိမ်တိုက်ဟောင်းရှိ သံဃာတော် ၁၆၄ ပါးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်အောင်မြို့နယ်၌ ပျားမွေးမြူရေးအခြေခံသင်တန်းဖွင့်လှစ်

**မြန်အောင် နိုဝင်ဘာ ၂၃**

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ပျားမွေးမြူရေးအခြေခံ သင်တန်းကို နိုဝင်ဘာ ၂၁ ရက်က မြန်အောင်မြို့နယ် ပညာရေးမှူးရုံး ပညာရတနာခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာမောင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော် (ရုံးချုပ်) ပျားမွေးမြူရေးပညာရှင်လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးငွေးက သင်တန်းတွင် ပို့ချပေးမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မြန်အောင်ခရိုင်/မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၂၀၊ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း (ချင်းမြောင်) ကြံခင်းမြို့နယ်မှ ကျောင်းသားကျောင်းသူ ၄၂ ဦး၊ စိတ်ပါဝင်စားသူတောင်သူ ၂၅ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

**ဝင်းဗိုလ်(မြန်အောင်)**



# (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ခုနစ်ခုတို့ရရှိခဲ့ပြီး နိုင်ငံအလိုက် တတိယအဆင့်တွင် ရပ်တည်နိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဖိလစ်ပိုင်နိုင်ငံတွင် နိုဝင်ဘာ ၁၂ ရက်မှ ၂၃ ရက်ထိ ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အာဆီယံ နိုင်ငံတပ်မတော် (ကြည်း) များ သေနတ်ပစ်ပြိုင်ပွဲ (32nd ASEAN Armies Rifle Meet –32nd AARM) ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ယနေ့ညပိုင်းတွင် နေပြည်တော် လေဆိပ်သို့



ပြန်လည်ရောက်ရှိရာ လေဆိပ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့် တပ်မတော် အရာရှိကြီးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းတွင် အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၄၂ ဦးတို့ ပါဝင်ခဲ့ကြပြီး ပစ္စတိုအမျိုးသားအသင်း၊ ပစ္စတိုအမျိုးသမီးအသင်း၊ ကာဘိုင်အမျိုးသားအသင်း၊ ရိုင်ဖယ်အမျိုးသားအသင်းနှင့် စက်သေနတ်အမျိုးသားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဦးချင်းအမှတ်ပေး ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ်ခြောက်ခု၊ အသင်းလိုက် ထိလဲပြားပစ်ခတ်စဉ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် တစ်ခုတို့ရရှိခဲ့ပြီး စုစုပေါင်း ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ခုနစ်ခု အသီးသီး ဆွတ်ခူးရရှိခဲ့ကာ နိုင်ငံအလိုက် တတိယအဆင့်တွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင်တစ်ဦး၏ စကားသံများကို ယခုကဲ့သို့ကြား သိရပါသည် – "အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ခဲ့ရခြင်းကြောင့် အတွေ့အကြုံများစွာ ရရှိခဲ့ပါတယ်။ နိုင်ငံခြားမှာသွားရောက်ယှဉ်ပြိုင်ရတဲ့အတွက် နိုင်ငံတကာအတွေ့



အကြုံကတော့ များစွာရရှိပါတယ်။ ကျွန်တော့်အတွက်တော့ နိုင်ငံခြားကို သွားရောက်ယှဉ်ပြိုင်ရတဲ့ ပထမဆုံးအတွေ့အကြုံဖြစ်ပါတယ်။ တခြားနိုင်ငံက သေနတ်တွေနဲ့ ကျွန်တော်တို့ရဲ့ပြည်တွင်းထုတ်သေနတ်တွေနဲ့ ယှဉ်ပြိုင်ရတဲ့အတွက် ကိုယ့်နိုင်ငံထုတ် သေနတ်တွေနဲ့ ယှဉ်ပြိုင်ပြီး အခုလိုဆုဖလားရရှိတဲ့အတွက် များစွာအတိုင်းမသိ ဝမ်းသာမိပါတယ်။ ပြိုင်ပွဲမှာ ကျွန်တော်တို့နည်းပြတွေ သင်ကြားပေးတဲ့ နည်းစနစ်အတိုင်း လိုက်နာပြီး ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ စက်သေနတ်အသင်းအနေနဲ့ အသင်းလိုက်ပြိုင်ပွဲ ပွဲစဉ်(၂)မှာ ရွှေတံဆိပ်ဆုနှစ်ဆုရရှိခဲ့ပြီး နိုင်ငံဂုဏ်ကိုဆောင်နိုင်ခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်။" ဟု ပြောကြားခဲ့သည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ပဲခူးမြို့နယ် ဝါးကတုတ်တမံပိတ်ဆောင်ရွက်ခြင်းနှင့် နွေစပါးစိုက်ပျိုးရေပေးဝေရန် တူးမြောင်းပြင်ဆင်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝါးကတုတ်မြေသားတမံပိတ် ဆောင်ရွက်ခြင်းနှင့် နွေစပါး စိုက်ပျိုးရေပေးဝေရန် တူးမြောင်းပြင်ဆင်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဝါးကတုတ်ချောင်းပိတ်မြေသားတမံ တည်ဆောက်ခြင်းကြောင့် နွေစပါး စိုက်ပျိုးရေပိုမိုရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေ ရရှိသည်နှင့် သက်တမ်းတို မျိုးကောင်း မျိုးသန့်စပါးမျိုးများ ရွေးချယ်စိုက်ပျိုးကြရန်လိုကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် နွေစပါးဧက သုံးသန်းကျော်အထိ တိုးချဲ့စိုက်ပျိုးရန်လျာထားပြီး ပဲခူးတိုင်းဒေသကြီးအနေဖြင့် ယခုနှစ်နွေစပါး ၄၆၀၇၃၈ ဧက၊ ဆောင်းသီးနှံ ၃၁၀၆၇၆၅ ဧက၊ နွေနှမ်းဧက ၁၀၀၀ စိုက်ပျိုးရန် လျာထားကြောင်းနှင့် သုံးသီးစိုက်ဧကများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပဲခူးမြစ်တာ (ပန်းလှိုင်၊ ပုဏ္ဏားစု၊ မုန်တိုင်) တာမိုင်(၀/၀မှ ၁/၄) အတွင်းတာမြှင့်တင်၍ အခိုင်အမာပြုပြင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ရေဘေးကာကွယ်ရေး တာများနှင့် ပတ်သက်၍ အခိုင်အမာပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် အခိုင်အမာဆောင်ရွက်နိုင်မှုမရှိသော ရေဘေးကာကွယ်ရေးတာများကိုလည်း လာမည့်နှစ်မိုးရာသီကာလတွင် ရေကြီးနစ်မြုပ်မှုအန္တရာယ် ကြိုတင်ကာကွယ်ရေး အချိန်နှင့်တစ်ပြေးညီ တင်ပြပေါင်းစပ် စီမံဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်အကြောင်း အသိပညာပေးဟောပြော

**လှည်းကူး နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (ငါးဆူတောင်)၌ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက်က ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၂) ဦးခင်ဇော်က အမှာစကားပြောကြားပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသံစဉ်မှူးက ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်အကြောင်း အသိပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများ လှူဒါန်းရာ အ.ထ.က(ငါးဆူတောင်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က လက်ခံသည်။



ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် အ.ထ.က (ငါးဆူတောင်)မှ အထက်တန်းပြဆရာမ ဒေါ်မွန်ရည်မိုးမြင့်တို့က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး အ.ထ.က (ငါးဆူတောင်) မှ ကျောင်းသားကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် အလုပ်အကိုင် အခွင့်အလမ်း၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ပညာရေး စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အချိန်ကို စီမံခန့်ခွဲတတ်စေရေး လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးဟောပြော

**သထုံ နိုဝင်ဘာ ၂၃**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေးလူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ကျောင်းသား ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးအောင် စာပေများ ဖတ်ရှုကြရေး၊ စာပေလေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်း လူငယ်များဖြစ်လာရေး၊ မြို့နယ်စာရေးဆရာများအသင်းဥက္ကဋ္ဌ စာရေးသူရွှေထုံခင်သီတာလှိုင်က လူငယ်များ အကျင့်စာရိတ္တ ကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိကြရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်စေရေး၊ အချိန်ကို စီမံခန့်ခွဲတတ်စေရေး စသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောသည်။

အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များ၊ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း ပြည်ပခရီးစဉ်များမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

အာဆီယံ-ဟဲနန် စားရေရိက္ခာနှင့် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲ (ASEAN-Henan Cooperation Conference on Food and Agriculture) သို့ တက်ရောက်ခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တတိယအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးနှင့် တရုတ်-မြန်မာ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံ အစည်းအဝေးများသို့ တက်ရောက်ခဲ့သော ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟဲနန်ပြည်နယ် ကျန်းကျိုးမြို့၌ ကျင်းပသည့် အာဆီယံ-ဟဲနန် စားရေရိက္ခာနှင့် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဆွေးနွေးပွဲ(ASEAN-Henan Cooperation Conference on Food and Agriculture) သို့ တက်ရောက်ခဲ့ကြပြီး အာဆီယံနှင့် ဒေသတွင်းနိုင်ငံများအကြား လယ်ယာကဏ္ဍဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပိုးလမ်းမစီမံကိန်းအရကျင်းပသည့် အပြည်ပြည်ဆိုင်ရာတတိယအကြိမ်မြောက် လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးကုန်စည်ပြပွဲသို့ တက်ရောက်ခဲ့ကြသည်။

အလားတူ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် ကျင်းပသည့် တတိယအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးနှင့် တရုတ်-မြန်မာစိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံအစည်းအဝေးများသို့ တက်ရောက်ခဲ့ကြပြီး နှစ်နိုင်ငံ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မဲခေါင် - လန်ချန်းအထူးရန်ပုံငွေဖြင့် မြန်မာနိုင်ငံနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ မြန်မာနိုင်ငံမှ လယ်ယာသားငါးထွက်ကုန်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေးကိစ္စရပ်များ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထျန်ကျင်းမြို့၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာပညာရေးဖွံ့ဖြိုးတိုးတက်ရေးညီလာခံတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၃**



ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထျန်ကျင်းမြို့၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိကျင်းပသည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာ ပညာရေး ဖွံ့ဖြိုးတိုးတက်ရေး ညီလာခံ (2024 World Vocational and Technical Education Development Conference) သို့ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးကျော်ဝင်းနှင့်အတူ တက်ရောက်ခဲ့သည်။**(အပေါ်ယာပုံ)**

ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၀ ရက်တွင် Tiankai အဆင့်မြင့်ပညာဆန်းသစ်တီထွင်မှုဌာနသို့ သွားရောက်လေ့လာပြီး ညနေပိုင်းတွင် ညီလာခံအထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်သည်။

နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ထျန်ကျင်းမြို့ အမျိုးသားကွန်ဗင်းရှင်းနှင့် ပြပွဲစင်တာတွင် ကျင်းပသော ညီလာခံဖွင့်ပွဲအခမ်းအနားနှင့် ညီလာခံ Keynote မိန့်ခွန်းများ အစီအစဉ်ကို တက်ရောက်သည်။ ထို့နောက် ညီလာခံအထူးပြခန်းကိုကြည့်ရှုပြီး မွန်းလွဲပိုင်းတွင် "သက်မွေးပညာ အရည်အသွေးမြင့်မားရေးအတွက် လုပ်ငန်းခွင်နှင့် ပညာရေးပေါင်းစည်းဆောင်ရွက်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးပွဲသို့တက်ရောက်ကာ ပညာရေးဝန်ကြီးဌာနက တက္ကသိုလ်အချို့တွင် ဖွင့်လှစ်ထားသော MSME အထောက်အကူပြုဘွဲ့၊ ဒီပလိုမာသင်တန်းများအကြောင်းကို အသိပေးဆွေးနွေးကာ ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့သည် ညီလာခံပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မွန်းလွဲပိုင်းတွင် ထျန်ကျင်းနိုင်ငံခြားဘာသာတက္ကသိုလ် (Tianjin Foreign Studies University) သို့ သွားရောက်လေ့လာရာ President Dr Li Yingying နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဧည့်ခန်းမတွင် နှစ်နိုင်ငံဘာသာစကား တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

ထို့နောက် တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုကာ မြန်မာဘာသာစကား သင်တန်းတက်ရောက်နေသော ကျောင်းသားကျောင်းသူများကို စာသင်ခန်းတွင် တွေ့ဆုံ နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးစာပေဟောပြော



**နေပြည်တော် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)သည် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ယနေ့နံနက် ၁၁ နာရီမှ ၁၂ နာရီအထိ ကျင်းပသော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာပေဟောပြောပွဲအခမ်းအနားတွင် စာပေရေးရာများ သွားရောက်ဟောပြောခဲ့ကြောင်း**(ဝဲပုံ)**နှင့် ကျောင်းသားကျောင်းသူများ စုံညီစွာတက်ရောက်နားထောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



စမ်းချောင်းမြို့နယ်အတွင်းရှိစည်ပင်ဈေးများဖြစ်သည့် ကျွန်းတောဈေး၊ ရှမ်းလမ်းဈေး(ဌဈေး)၊ မြေနီကုန်းပလာဇာဈေးများသို့ မီးဘေးအန္တရာယ်လုံခြုံရေးအတွက် နိုဝင်ဘာ ၂၂ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘဝင်း၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးသက်ထွန်းဦး၊ အဖွဲ့ဝင်(၂) ဦးမျိုးမြင့်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသူရဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဌာနတို့ ပူးပေါင်းစစ်ဆေးပြီး အရေးပေါ်မီးငြိမ်းသတ်နိုင်ရေး သရုပ်ပြမှုကြည့်ရှုစဉ်။ တင်ဝင်းတင်

# ခန္တီးခရိုင် ကျေးလက်ဦးစီးဌာန စိမ့်စမ်းရေသွယ် လုပ်ငန်းနှစ်ခု ဆောင်ရွက်



**စစ်ကိုင်း နိုဝင်ဘာ ၂၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းထိုက်ဦးသည် နိုဝင်ဘာ ၂၀ ရက်က ခန္တီးခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။**(ဝဲပုံ)**

တွေ့ဆုံစဉ် စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးက ခန္တီးခရိုင်အတွင်းရှိ ဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အရည်အသွေး ပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးရေး မှာကြားသည်။

အဆိုပါ ခန္တီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေ ၁၀၇ ဒသမ ၉၁ သန်းဖြင့် ကျကိုက်ကျေးရွာနှင့် နာတိုက်ကျေးရွာတို့တွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း နှစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာန ဦးစီးမှူး ဒေါ်ထက်ဥမ္မာခင်ထံမှ သိရသည်။

**ဖြိုးကျော် (ပုံတောင်မြေ)**



ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ မြို့မဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာ ၂၂ ရက်က ဆောင်ရွက်ရာ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည်သိမ်းကျော်၊ စည်ပင်သာယာရေးအဖွဲ့ ကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဌေးမြင့်အောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်ဦးတို့ ကြည့်ရှုအားပေးစဉ်။ ဖြိုးဝေလင်း (ပြန်/ဆက်)

## ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့

- ထီးကျိုးစည်ပေါက်၊ ကျွန်ဘဝရောက်စဉ်
ထွန်းတောက်မရှိ၊ ပေးသည့်ပညာ
ကျွန်သာသာမို့၊ ဒို့ဟာဘဝတုံး
လူဖြစ်ရှုံးခဲ့။
- နတ္ထိသမံ၊ ဝိဇ္ဇာမိတ္တံ
ပညာဉာဏ်နှင့်၊ တူဟန်တိတိ
မိတ်မရှိဘူး၊ ဆိုဘိစကား
အလေးထားကာ၊ ပညာထွန်းပေါက်
အထက်ရောက်ဖို့၊ ငါတို့တစ်တွေ
ကြိုးစားလေမှ၊ စာပေပညာ
တတ်သိလာပြီး၊ ပြည်ကြီးအတွက်
အဘက်ဘက်က၊ အားကိုးရလိမ့်။
- လူမျိုးချင်းချင်း၊ ရိုင်းပင်းလို့ကူ
စိတ်ချင်းတူပြီး၊ ဘယ်သူကမှ
ဖျက်မရအောင်၊ ချည်နှောင်ပါမှ
ရယူဆင်မြန်း၊ ငြိမ်းချမ်းပန်းကို
လက်လှမ်းမီမီ၊ ပန်နိုင်မည်တည့်။
- ပြည်ထောင်စုတွင်း မှီတင်းနေထိုင်
ကိုယ်တိုင်စိုက်ပျိုး၊ လူမျိုးမခွဲ
တူလက်တွဲ၍၊ ဆန်ပဲရိက္ခာ
ဖူလုံလာအောင်၊ တိုးကာထုတ်လုပ်
အဟုတ်ကြိုးစား၊ လူမျိုးအားလုံး
စည်းလုံးညီညာ၊ ရှိကြပါမှ
ဒို့ဝမ်းလှလိမ့်။
- သံသယရှောင်၊ အမုန်ဘဝဆောင်လို့
အမှောင်ကိုခွင်း၊ တိုင်းရင်းသားတို့
လုပ်အားညီညီ၊ စိုက်ထုတ်တည်၍
မြန်ပြည်အကျိုး၊ ရွက်သယ်ပိုးမည်
ဆိုသည့်စကား၊ နှလုံးသားဝယ်
တည်ထားမြဲမြဲ၊ အောင်ပွဲခံလော့
မြန်ပြည်တစ်လွှား၊ ရှိထားကျက်သရေ
တက်ဖြိုးဝေပြီး
မိုးမြေသိမ့်သိမ့်တုန်လိမ့်မည်။

**(အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်။)**

**ဘိုမျိုး(ရွှေဘို)**

## ရန်ကုန်တိုင်းဒေသကြီး၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို နိုဝင်ဘာ ၂၂ ရက်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး (ပညာ) ဒေါ်ခင်သန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်း၊ ကမာရွတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဝေ၊ လေ့ကျင့်ရေးအထက်တန်းကျောင်း မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးသီဟဝင်းမော်နှင့် ကျောင်းအကျိုးတော်ဆောင် ဒေါ်နန်းကလျာဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။



ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ယခုအခမ်းအနားတွင် ကျောင်းသားကျောင်းသူ လူငယ်များအတွက် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေမည့် စာပေဆိုင်ရာပြိုင်ပွဲများ ထည့်သွင်းစီစဉ်ထားရှိပေးသလို ပျော်ရွှင်စေပြီး ဉာဏ်ပညာထက်မြက်စေသည့် ဉာဏစွမ်းရည်ပြိုင်ပွဲများကိုလည်း စီစဉ်ပေးထားကြောင်း၊ စာပေဆိုင်ရာ အသိပညာဗဟုသုတတိုးပွားစေမည့် နိုင်ငံကျော်စာရေးဆရာကြီး၏ စာပေဟောပြောပွဲနှင့် စာအုပ်အရောင်းဆိုင်များကိုလည်း စီစဉ်ထားရှိကြောင်း၊ ကျောင်းသားကျောင်းသူ လူငယ်များ စာပေနှင့် နီးစပ်မှုရရှိစေရန်၊ စာပေလေ့လာဖတ်ရှုလိုသည့် အလေ့အထများ ရှင်သန်ဖွံ့ဖြိုးကြပါစေကြောင်းနှင့် တာဝန်ရှိသူများကလည်း ကျောင်းသား ကျောင်းသူများအတွက် စာဖတ်သည့် အလေ့အကျင့်များရရှိအောင် ကြိုးဆောင်ကြိုးပမ်း ဆောင်ရွက်ပေးကြစေကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် အလှူငွေများကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် ဟောပြောမည့် စာရေးဆရာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်သည်။

ထို့နောက် ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လှူဒါန်းသော အလှူငွေနှင့် စာအုပ်စာစောင်များကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးများက လက်ခံယူကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက်စာရေးဆရာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် စာပေဟောပြောခြင်း၊ ကမာရွတ်မြို့နယ်ရှိ လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများက မိုးဇာဗျော၊ အလှကမ္ဘာမြေ၊ စပါကလင်အချစ်၊ ထာဝရသစ္စာ၊ လိပ်ပြာအကတို့ဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား ထူးချွန်ဆုများကို လည်းကောင်း၊ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**မြစ်ကြီးနား နိုဝင်ဘာ ၂၃**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို နိုဝင်ဘာ ၂၂ ရက်က မြစ်ကြီးနားမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပွဲတော်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေ၊ သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက မလိခဆောင် စာသင်ခန်းများအတွင်း ကျောင်းသားကလေးငယ်များအတွက် စာဖတ်စွမ်းရည်မြင့်မားစေရေး စွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျောင်းခန်းမအတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာကျောင်းများက လှပသာယာ ပြည်မြန်မာဓာတ်ပုံပြခန်း၊ စာအုပ်/ စာပေပြခန်း၊ အခြေခံပညာကျောင်းပြခန်းများ ဖွင့်လှစ်ပြသလျက်ရှိသည့် အခြေအနေများနှင့် ကျောင်းဝင်းအတွင်း ရွေ့လျားစာကြည့်တိုက်ဖြင့် စာဖတ်စာငှားလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျောင်းသားကလေးများအတွက် ဉာဏစွမ်းရည်နှင့် ကာယစွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရေး စကားပုံဆက်၊ ရုပ်ပုံဆက်၊ မြွေးပစ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဉာဏ်စမ်းအမေးအဖြေများနှင့် ခါးကွင်းလှည့်ခြင်း၊ သံပုံးရိုက် စသည့် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများအပါအဝင် အခြေခံပညာကျောင်းများအလိုက် စာဖတ်စွမ်းရည်ပြခန်းများ ဖွင့်လှစ်ပြသနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုအဖြစ် ကလေးဖတ်စာပေ၊ စာအုပ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြကာ သုတရတနာစာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများအား စာဖတ်ဝိုင်းကျင်းပနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။



အဆိုပါ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် စာရေးဆရာ အကြီးကိုကို(ကသာ)က စာပေဟောပြောခြင်းနှင့် အခြေခံပညာ ကျောင်းသားကျောင်းသူများ ပါဝင်သော စာပေ စကားဝိုင်းများကို ထည့်သွင်း၍ ကျင်းပခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မသန်စွမ်းသူများအတွက် အခွင့်အလမ်းများဖော်ဆောင်နိုင်ရေး ဝိုင်းဝန်းကူညီပေး

မျိုးမင်းအောင်(IPRD)



မသန်စွမ်းသူဆိုသည်မှာ ပတ်ဝန်းကျင်ရှိ အတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ ထိရောက်စွာ ပါဝင်ဆောင်ရွက်မှုမပြုနိုင်သော ကိုယ်ခန္ဓာပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း သို့မဟုတ် အာရုံခံစားမှုပိုင်းဆိုင်ရာ ရေရှည်ချို့ယွင်းချက်ရှိသူများကို ဆိုလိုသည်ဟု သိရှိရပါသည်။

မသန်စွမ်းမှုများကို လေ့လာကြည့်ပါက မွေးရာပါ ချို့ယွင်းအားနည်းသူများရှိသကဲ့သို့ ဘဝခရီးတစ်လျှောက် အကြောင်းအမျိုးမျိုးကြောင့် ကိုယ်အင်္ဂါထိခိုက်ပျက်စီးဆုံးရှုံးကြသူများလည်း ရှိပါသည်။ မသန်စွမ်းသူများ၏ ဘဝက ရုပ်နှင့်စိတ် တစ်ထပ်တည်းမကျနိုင်သော ဘဝမျိုးဖြစ်၍ မိသားစုနှင့် ပတ်ဝန်းကျင်အသိုက်အဝန်း၏ ဖေးမကူညီမှုသည် အရေးကြီးပါသည်။ ထို့ကြောင့် မသန်စွမ်းသူများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်ရေး၊ နေ့စဉ်ဘဝလိုအပ်ချက်များကို တတ်စွမ်းသမျှ ကူညီဖြည့်ဆည်းပေးရပါမည်။ ထိုသို့ နားလည်စာနာမှုနှင့် ကူညီစောင့်ရှောက်မှုကောင်းများရှိပါက မသန်စွမ်းသူများအနေဖြင့် စိတ်ဓာတ်ခွန်အားများ မြင့်တက်ကာ မသန်သော်လည်း စွမ်းသူများအဖြစ်သို့ ရောက်ရှိလာမည်ဖြစ်သည်။

**ယနေ့ကမ္ဘာတွင် မသန်စွမ်းသူများ တစ်စတစ်စ များပြားလာ**

ယနေ့ ကမ္ဘာတွင် မသန်စွမ်းသူများ တစ်စတစ်စ များပြားလာသည်ကို မြင်တွေ့ကြရပါမည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ ပူးပေါင်းထုတ်ပြန်ချက် အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေ၏ တစ်ဘီလီယံကျော် (၁၅ ရာခိုင်နှုန်း)သည် မသန်စွမ်းမှုတစ်မျိုးမျိုးကို ခံစားနေကြရသူများဖြစ်သည်ဟု သိရှိရသည်။ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ နိုင်ငံလူဦးရေ ၅၉ သိန်းကျော် (၁၂ ဒသမ ၈ ရာခိုင်နှုန်း) သည် မသန်စွမ်းသူများ ဖြစ်နေသည်ကို လေ့လာသိရှိရသည်။ ဤမျှ များပြားတိုးပွားလာသော မသန်စွမ်းသူဦးရေကို အချိန်မီ ဖေးမကယ်ဆယ်နိုင်ရန်အတွက် မသန်စွမ်းသူများ၏ စိတ်ဓာတ်မြှင့်တင်ရေး၊ လူမှုပတ်ဝန်းကျင်တွင် လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များတွင် တစ်တပ်တစ်အားပါဝင်နိုင်ရေးကို တတ်အားသမျှ လုပ်ဆောင်ပေးကြရပါမည်။

မသန်စွမ်းသူများကို စွမ်းသန်လာအောင် ကူညီစောင့်ရှောက်ရာတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)သည် အဓိကကျသော အခန်းကဏ္ဍကပါဝင်နေပါသည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) သည် မသန်စွမ်းသူတို့ဘဝ မြင့်မားရေးနှင့် လူ့အဖွဲ့အစည်းအတွင်း တန်းတူညီမျှ ခံစားခွင့်ရရှိရေးအတွက် နည်းလမ်းများ ရှာကြံလုပ်ဆောင်ပေးလျက်ရှိပါသည်။

ကုလသမဂ္ဂ၏ မူဝါဒလမ်းစဉ်အောက်တွင် မသန်စွမ်းသူများအရေးကို တစ်ကမ္ဘာလုံးက စိတ်ဝင်စားလာစေရန်နှင့် ကူညီစောင့်ရှောက်ပေးနိုင်ရန်အတွက် ၁၉၈၁ ခုနှစ်ကို မသန်စွမ်းသူများနှစ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ကုလသမဂ္ဂ မသန်စွမ်းသူများဆိုင်ရာ ကမ္ဘာ့လုပ်ငန်းစဉ်တွင် မသန်စွမ်းသူများအား ကြိုတင်ကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ အပြည့်အဝပါဝင်ခွင့်နှင့် တန်းတူရပိုင်ခွင့်တို့ကို တိုးမြှင့်နိုင်ရန်အတွက် ကမ္ဘာ့ပထမဆုံး မသန်စွမ်းရပိုင်ခွင့်ကို အခြေခံသည့် ကမ္ဘာလုံးဆိုင်ရာ နည်းဗျူဟာကို ချမှတ်ခဲ့ပါသည်။

ထိုနေ့ကို အထူးပြုပြီး ၁၉၉၂ ခုနှစ်တွင် ကျင်းပသော (၄၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အရ နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ ထို့ပြင် လူ့အဖွဲ့အစည်းအတွင်း မသန်စွမ်းသူများ အပြည့်အဝပူးပေါင်းဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်းတူညီမျှရရှိရေးတို့ကို မြှင့်တင်ပေးရန်ဟူသော ဦးတည်ချက်များဖြင့် ၁၉၈၂ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ ဆယ်စုနှစ်အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံက မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်တို့ကို အလေးဂရုပြုတတ်စေရန်ဟူသောရည်ရွယ်ချက်များဖြင့် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းသို့ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် အတည်ပြု ဝင်ရောက်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂(ခ) အရ နိုင်ငံတော်သည် မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ ထိရောက်စွာ ကူညီစောင့်ရှောက် ပေးနိုင်ရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေကို ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။

**မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပိုမိုထိရောက်စွာ ဆောင်ရွက်လာမည်**

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ နိုင်ငံတော်အဆင့်အမျိုးသားကော်မတီကို ဖွဲ့စည်းပြီး ရည်ရွယ်ချက် (၅)ရပ်၊ လုပ်ငန်းတာဝန် (၂၅) ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်း ၂၀၂၂-၂၀၂၇ တွင် မသန်စွမ်းသူများအတွက် ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေ၊ အလွယ်တကူ လက်လှမ်းမီ ရယူအသုံးပြုနိုင်မှု စသည့် ကဏ္ဍမျိုးစုံပါဝင်သဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပိုမိုထိရောက်စွာ ဆောင်ရွက်လာမည်ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုတွင် အားနည်းသူကို ဖေးကူတတ်သော အလေ့အထမှာ ရှေးယခင်ကပင် ရှိခဲ့သည့် မြတ်နိုးဖွယ်ရာ အစဉ်အလာတစ်ခုပင် ဖြစ်ပါသည်။ မိသားစုတွင် မသန်စွမ်းသူ ရှိနေပါက မိဘဆွေမျိုးများက ဝိုင်းဝန်းစောင့်ရှောက်လေ့ရှိပါသည်။ မိဘဆွေမျိုးမရှိပါက ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း၊ ခိုကိုးရာရိပ်သာစခန်းများက ကရုဏာထား ဖေးမကူညီစောင့်ရှောက်ကြသည်ကို တွေ့မြင်နိုင်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာ အမှီအခိုကင်းစွာ ရပ်တည်နိုင်ရေးအတွက် မသန်စွမ်းမှုအမျိုးအစားအလိုက် သက်ဆိုင်ရာဒေသနှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေများရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် နိုင်ငံတော်အစိုးရနှင့် စေတနာရှင်အဖွဲ့အစည်းများပူးပေါင်း၍ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီအောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

**“မသန်စွမ်းသူများအတွက် အလုပ်ခွင်၊ ကျောင်း သို့မဟုတ် အခြားပတ်ဝန်းကျင်များတွင် ကျိုးကြောင်းဆီလျော်သော နေရာထိုင်ခင်းများ၊ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။ အဆောက်အအုံများ ဆောက်လုပ်ရာတွင် မသန်စွမ်းသူများ ဝင်ရောက်အသုံးပြုနိုင်သည့် လှေကားများ၊ လျှောက်လမ်းများ ဆောက်လုပ်ပေးခြင်း၊ မသန်စွမ်းမှုအမျိုးမျိုးအတွက် အများပြည်သူသွားလာလှုပ်ရှားရာနေရာများတွင် ဘီးတပ်ကုလားထိုင်များ လွယ်ကူအဆင်ပြေစွာ သွားလာနိုင်သည့် ချဉ်းကပ်လမ်းများနှင့် လုံခြုံသော နေရာထိုင်ခင်းများပါရှိအောင် ဒီဇိုင်းရေးဆွဲ ဆောက်လုပ်ပေးခြင်းဖြင့် သန်စွမ်းသူများနည်းတူ တန်းတူအခွင့်အရေးများ ရရှိလာစေမည်”**

**မသန်စွမ်းသူများအား ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်သည်အထိ ဆောင်ရွက်ပေးလျက်ရှိ**

မသန်စွမ်းသူတို့ဘဝ မြင့်မားတိုးတက်ရန် လူမှုဝန်ထမ်းကဲ့သို့ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းရှိ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများပူးပေါင်းကာ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ဆောင်နေသည်ကိုလည်း တွေ့မြင်ရပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် လူမှုရေးအဖွဲ့အစည်းများနှင့်လက်တွဲ၍ သက်ကြီးမသန်စွမ်းသူများအား အဆင့်မြင့်စက်ချုပ်၊ ဆံသ၊ အလှပြင် စသည့်သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေး၍ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်သည်အထိ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ အမြင်အာရုံ၊ အကြားအာရုံ ချို့ယွင်းသူများအတွက် ကွန်ပျူတာ၊ စက်ချုပ်အတတ်ပညာ၊ ကြိမ်ထိုး၊ ပန်းထိုး၊ အနင်းအနှိပ်အတတ်ပညာများကို သင်ကြားပေးလျက်ရှိရာ မသန်စွမ်းသူများအတွက် နေ့စဉ်ဘဝ မိသားစုဝင်ငွေ အထောက်အပံ့ကောင်းသဖွယ် ရရှိလာစေပါသည်။

ထို့ပြင် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ(ရန်ကုန်)၊ မသန်စွမ်းသက်ကြီး သင်တန်းကျောင်း(ရန်ကုန်)၊ မသန်စွမ်းသက်ငယ် သင်တန်းကျောင်း(ရန်ကုန်)၊ (မန္တလေး)၊ နားမကြားသောကလေးများကျောင်း (ရန်ကုန်)၊ (မန္တလေး)၊ မျက်မမြင်ကျောင်း(ရန်ကုန်)၊ (စစ်ကိုင်း) ဟူ၍ သင်တန်းကျောင်း ရှစ်ကျောင်းကို ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် မသန်စွမ်းသူများအတွက် မည်သို့ပင်အခွင့်အရေးများ ဖန်တီးပေးနေစေကာမူ မသန်စွမ်းသူများမှာ လူမှုဝန်းကျင်တွင် အခြားသူများနှင့် တန်းတူအခွင့်အရေးရရှိရန် အခြေအနေနည်းပါးနေဆဲ ဖြစ်ပါသည်။ ကုလသမဂ္ဂက ချမှတ်ထားသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင် (၁၇) ရပ်အနက် ရည်မှန်းချက်ပန်းတိုင် (၈)တွင် မသန်စွမ်းသူများအတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်ခလစာတန်းတူရရှိမည့် အခွင့်အလမ်းများ ဖန်တီးခြင်းနှင့် လူငယ်များ အလုပ်လက်မဲ့ဖြစ်မှု လျှော့ချရေး၊ အလုပ်သမားဈေးကွက်တွင် ဝင်ဆံ့နိုင်ရေးတို့ ပါဝင်ပြီး ရည်မှန်းချက်ပန်းတိုင် (၁၀) တွင် မသန်စွမ်းသူများကို လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးကဏ္ဍများတွင် ပါဝင်လုပ်ဆောင်နိုင်စေရန် ဖော်ပြထားပါသည်။

ထို့ကြောင့် မသန်စွမ်းသူများအား လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝပါဝင်လာနိုင်ပြီး တူညီသော အခွင့်အရေးများ ရရှိလာစေရန်အတွက် လူ့အသိုင်းအဝိုင်းတစ်ခုလုံးက ဝိုင်းဝန်းပံ့ပိုးကူညီကြရမည် ဖြစ်ပါသည်။ မသန်စွမ်းသူများအတွက် အလုပ်ခွင်၊ ကျောင်း သို့မဟုတ် အခြားပတ်ဝန်းကျင်များတွင် ကျိုးကြောင်းဆီလျော်သော နေရာထိုင်ခင်းများ၊ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။ အဆောက်အအုံများ ဆောက်လုပ်ရာတွင် မသန်စွမ်းသူများ

*စာမျက်နှာ ၁၂ သို့*

# ဆောင်းသီးနှံ ပဲမျိုးစုံနှင့် ကျန်းမာရေး

တင်ထက်ထက်ဇော်

**မြန်မာနိုင်ငံတွင် ပဲအမျိုးမျိုးစိုက်ပျိုး စားသုံးလျက်ရှိကြရာ ယခုကာလသည် ဆောင်းရာသီဖြစ်၍ ဆောင်းသီးနှံ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲပုပ်၊ စားတော်ပဲ၊ မတ်ပဲနှင့် ပဲတီစိမ်း စသည့် ပဲအမည်တစ်မျိုးချင်းစီ၏ ကျန်းမာရေးအကျိုးကျေးဇူးအကြောင်းကို အကျဉ်းချုပ်ရေးသားအကြံပြုလိုပါသည်။**



### ကုလားပဲနှင့်ကျန်းမာရေး

ကုလားပဲတွင် အာဟာရဓာတ်ပေါ်ကြွယ်ဝလှသည့်အပြင် ဈေးနှုန်းချိုသာပြီး အလွယ်တကူဝယ်ယူရရှိနိုင်သဖြင့် "ဆင်းရဲသားအမဲ (Poor Man's Beef)" ဟု ခေါ်စမှတ်ပြုကြပါသည်။ အဘယ့်ကြောင့်ဆိုသော် အမဲသားနှင့် ကုလားပဲတို့တွင် တူညီသော အာဟာရဓာတ်ကို ရရှိနိုင်သောကြောင့်ဖြစ်သည်။ ထို့ပြင် ကုလားပဲတွင် ကစီဓာတ်နှင့် အသားဓာတ်တို့ အဓိကပါဝင်နေကြသည်။ ကာဗိုဟိုက်ဒရိတ်(ခေါ်) ကစီဓာတ်ကို ကော်ဓာတ်ဟု ခေါ်သည်။ ကစီဓာတ်က ခန္ဓာကိုယ်ကြီးထွားရေးအတွက် မဖြစ်မနေ လိုအပ်သကဲ့သို့ သွားလာလှုပ်ရှားမှုနှင့် အသက်ရှင်နေထိုင်မှုတို့အတွက် အင်အားအများဆုံးပေးသော ဓာတ်လည်းဖြစ်ပါသည်။ ထို့မျှမက ပင်ပန်းနွမ်းနယ်မှုကို ပြေပျောက်စေ၍ ခန္ဓာကိုယ်မွမ်းမံမှု၊ သွေးသားညီညွတ်မှုတို့ကိုလည်း ၎င်းကစီဓာတ်က စွမ်းဆောင်ပေးနိုင်သည်။ အသားဓာတ်က ခန္ဓာကိုယ်တည်ဆောက်ရေးအတွက် မဖြစ်မနေလိုအပ်သောဓာတ်ဖြစ်သည်။ တစ်နည်းဆိုသော် လူ့ခန္ဓာကိုယ်သည် အသားဓာတ်များဖြင့် စုစည်းထားသည့် အစိုင်အခဲကြီးတစ်ခု ဖြစ်ပါသည်။

ခန္ဓာကိုယ်ပေါ်ရှိ ကြွက်သားများ၊ အရေပြားများ၊ ဆံပင်၊ မျက်စိ၊ နား စသည်တို့သည် အသားဓာတ်များဖြစ်ကြပြီး သွေးများမှာလည်း အသားဓာတ် အနည်းငယ် ပါဝင်နေပါသည်။ လူသားတို့ အသက်ရှင်ရေးအတွက် ရေကလွဲလျှင် ဒုတိယမြောက် အရေးကြီးဆုံးဓာတ်မှာ အသားဓာတ်ဖြစ်သည်။ ခန္ဓာကိုယ်တောင့်တင်းရေး၊ အသားတည်ဆောက်မှု အားပေးရေး၊ သွေးသားဆူဖြိုးတိုးတက်စေရေး၊ ဦးနှောက်၊ နှလုံးအသားမျှင်များ၊ ကျောက်ကပ်နှင့် အကြောများ မပျက်စီးစေရန်နှင့် ရောဂါဘယများ အလွယ်တကူ မကျရောက်စေရန် ကာကွယ်ရေးလုပ်ငန်းများကို အသားဓာတ်က တာဝန်ယူဆောင်ရွက်ပေးပါသည်။ ကလေးများတွင် အသားဓာတ်မလုံလောက်ပါက ကြီးထွားမှု ရပ်ဆိုင်းပြီး အရပ်ပုကာ လူစဉ်မမီဖြစ်တတ်သလို အရွယ်ရောက်ပြီးသူတွေမှာလည်း အသားဓာတ်လုံလောက်စွာ မရရှိပါက အင်အားကုန်ခန်းပြီး ကိုယ်စိတ်နှလုံးပင်ပန်းခြင်း၊ ကတုန်ကယင်ဖြစ်ခြင်း၊ ရောဂါရလွယ်ခြင်းတို့ ဖြစ်တတ်သည်။ ထို့ကြောင့် ခန္ဓာကိုယ်၏ ပျက်စီးချို့ယွင်းနေသော အသားအရေ ရုပ်ကလာပ်များကို ပြန်လည်ဖွဲ့စည်းထူထောင်ပေးသည့် အသားဓာတ်အရင်းအမြစ်ဖြစ်သော ကုလားပဲကို စားသုံးပေးသင့်ပါသည်။

### ပဲစင်းငုံနှင့် ကျန်းမာရေး

ပဲစင်းငုံကို ကုလားပဲလောက် လူသုံးမများသော်လည်း ကုလားပဲထက် လူနှင့်ပိုတည့်သည်ဟု ရှေးလူကြီးသူမများက အယုံအကြည်ရှိကြသည်။ ပဲစင်းငုံထဲတွင် ပိုတက်စီယမ်သတ္တုဓာတ် အဓိကအများဆုံးပါရှိပြီး ၎င်းဓာတ်က ခန္ဓာကိုယ်ထဲရောက်သွားသောအခါ ဓာတ်ပြုပြီးနောက် သွေးဖိအားကို လျှော့ချပေးပါသည်။ ထို့ကြောင့် သွေးတိုးရောဂါရှိသူများအနေဖြင့် ပဲစင်းငုံကို နေ့စဉ်စားပေးသင့်သည်။ ပရိုတင်းဓာတ်အပြည့်အဝပါရှိသည့် ပဲစင်းငုံကို စားပေးခြင်းဖြင့် ဆဲလ်များ၊ တစ်ရှူးများ၊ ကြွက်သားများနှင့် အရိုးများကို ကောင်းစွာတည်ဆောက်စေကာ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေပါသည်။ အထူးသဖြင့် ခန္ဓာကိုယ်ထဲရှိ ဆဲလ်အသစ်များ တည်ဆောက်မှုကို အားပေးသည်။ ပဲစင်းငုံတစ်ခွက် နေ့စဉ်စားပေးခြင်းဖြင့် ပရိုတင်း ၁၁ ဂရမ်ကို ရရှိနိုင်ပါသည်။ ဖောလိပ်ဓာတ်ကြွယ်ဝသဖြင့် သွေးအားနည်းရောဂါ မဖြစ်စေတော့ပေ။

ထို့ပြင် မွေးရာပါဖောလိပ်ဓာတ်ချို့တဲ့ခြင်းကလည်း အာရုံကြောအားနည်းခြင်းကို ဖြစ်စေနိုင်သည်။ ထိုအခါ ပဲစင်းငုံစားပေးခြင်းဖြင့် သွေးအားနည်းရောဂါနှင့် အာရုံကြောအားနည်းခြင်းမဖြစ်အောင် ကာကွယ်ပေးထားနိုင်ပါသည်။ အရွယ်ရောက်ပြီးသူ လူတစ်ယောက်အတွက် တစ်နေ့တာ ဗီတာမင်ဓာတ်လိုအပ်ချက်ပမာဏကို တစ်ခွက်စာပမာဏရှိသော ပဲစင်းငုံထဲမှ လုံလောက်စွာ ရရှိနိုင်ပါသည်။ ပဲစင်းငုံ အစေ့၊ အရွက်နှင့် အသီးထဲတွင် အော်ဂဲနစ်ဓာတ်ပေါင်းစုတွေ ပါရှိနေသဖြင့် ခန္ဓာကိုယ်ရောင်ရမ်းနာများကို ကောင်းစွာကုသပေးနိုင်သည်။ လိပ်ခေါင်းသွေးကျရောဂါအတွက် ပဲစင်းငုံအသီးကို ရေဖြင့် ခပ်ပျစ်ပျစ်ကြိတ်ချေ၍ ရလာသောအနှစ်ကို လိမ်းပေးနိုင်ပါသည်။ ပဲစင်းငုံက ကိုယ်အလေးချိန်ကျစေခြင်း၊ ကိုယ်ခံအားကောင်း၍ ခွန်အားတိုးပွားစေခြင်း၊ နှလုံးနှင့် နှလုံးသွေးကြောများကို ကျန်းမာစေခြင်း၊ အစာခြေစနစ် ကျန်းမာစေခြင်း စသည်တို့အတွက်ကိုလည်း ကောင်းကျိုးပြုပေးနိုင်ပါသည်။

### ပဲပုပ်နှင့်ကျန်းမာရေး

ပဲပုပ်အမျိုးမျိုးရှိသည့်အနက် "ရွှေဝါ" ခေါ် ပဲပုပ်မျိုးသည် ပိုမွှေးပိုဆိမ့်သော အရသာထူး၍ ရှမ်းပြည်နယ်၌ ၁၉၅၅ ခုနှစ်မှာ တိုးချဲ့စိုက်ပျိုးခဲ့ပါသည်။ ပဲပုပ်တွင် ခွန်အားနှင့် သွေးနီအားကို တိုးတက်စေသော သံဓာတ်အလုံအလောက်ပါရှိနေသဖြင့် သက်သတ်လွတ်စားသူများအတွက် သံဓာတ်ဖြည့်စွက်စာအဖြစ် အားကိုးထိုက်ပါသည်။ ပဲပုပ်တွင် ပါရှိသော အသားဓာတ် (ခေါ်) ပရိုတင်းဓာတ်က အခြားသော သီးနှံပင်များထဲရှိ ပရိုတင်းဓာတ်မျိုးနှင့် မတူဘဲ သာလွန်ကောင်းမြတ်သော ပထမတန်းစား ပရိုတင်းဓာတ် ဖြစ်သည်။ ၎င်းပရိုတင်းဓာတ်သည် အမဲသား၊ ကြက်ဥနှင့် နွားနို့တွင်ပါရှိသော ပရိုတင်းဓာတ်နှင့် အမျိုးအစားတူညီရုံမျှမက ပဲပုပ်မှာ ပရိုတင်းဓာတ် ပါဝင်မှုပိုများသည်။ ထူးခြားချက်မှာ ပဲပုပ်တွင်ပါရှိသော ပရိုတင်းပမာဏသည် အမဲသားထက် နှစ်ဆ၊ ကြက်ဥထက် သုံးဆ၊ နွားနို့ထက် ဆယ့် တစ်ဆ ပိုမိုသည်။ ပဲပုပ်တွင် ကစီဓာတ်ပါဝင်မှု လွန်စွာနည်းသဖြင့် အဝလွန်သူများနှင့် ဆီးလွန်ရောဂါရှိသူများအတွက် ကောင်းကျိုးပြုပါသည်။

ပဲပုပ်က ပိန်သောသူကို ဝဖြိုးစေခြင်း၊ အသားအရေကို အရွယ်တင်နုပျိုစိုပြည်စေခြင်း၊ ဝမ်းချုပ်ရောဂါကို ကုသနိုင်ခြင်း၊ ကြွက်သား၊ အရေပြားနှင့် အကြောများကို အားကောင်းစေခြင်း၊ ခန္ဓာကိုယ်တွင်း အပူဓာတ်ဖြည့်ပေး၍ အားပြည့်စေခြင်း၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်နှင့် အစာအိမ်တို့ကို ကျန်းမာစေခြင်း၊ ဗီတာမင်အေဓာတ်ကြွယ်ဝ၍ မျက်စိအားကောင်းစေခြင်း၊ ဦးနှောက်နှင့် အာရုံကြောများကို အားပေးခြင်း စသည်ဖြင့် ကောင်းကျိုးပြုသည်။ ထို့ပြင် အရိုးနှင့်သွားများကို ခိုင်မာစေခြင်း၊ အရိုးကြီးထွားမှုကို အားပေးခြင်း၊ ကိုယ်ခန္ဓာထွားကျိုင်းစေခြင်းတို့ကြောင့် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် ပဲပုပ်ကို မဖြစ်မနေ စားပေးသင့်ပါသည်။ ပဲပုပ်ကို အပူပေး၍ ချက်ပြုတ်ထုတ်လုပ်သော ပဲနို့ဒိန်ခဲကို နွားနို့ဒိန်ခဲနှင့် နှိုင်းယှဉ်ကြည့်ပါက ပဲနို့ဒိန်ခဲက အနံ့အရသာမှာ သာလွန်ကောင်းမွန်သည်။ ထို့ပြင် ပဲနို့ဒိန်ခဲကလည်း နွားနို့ဒိန်ခဲနည်းတူ လူသားတို့၏ အစာအိမ်နှင့် အူလမ်းကြောင်းကို အကျိုးပြုပေးသော ပိုးမွှားကလေးတွေပါရှိနေပြီး ထူးခြားချက်မှာ ပဲနို့ဒိန်ခဲထဲရှိ ၎င်းအကျိုးပြုပိုးမွှားလေးတွေက အရွယ်အစားပိုကြီးကာ ပို၍လည်း အစွမ်းထက်မြက်ကြောင်း လေ့လာသိရှိရသည်။

### စားတော်ပဲနှင့် ကျန်းမာရေး

မြန်မာ့ရိုးရာအစားအစာ "ပဲပြုတ်" ဆိုသည်မှာ စားတော်ပဲကိုအညှောက်ထွက်စေကာ ပဲပွလာအောင် ဆော်ဒါဖောက်ပေးပြီး အရသာနှင့် အရောင်တို့အတွက် ထန်းလျက်ခဲလေးဖြင့် ပေါင်းခံပြုတ်ထားခြင်းဖြစ်သည်။ စားတော်ပဲပြုတ်တွင် လူသားတို့ကျန်းမာရေးကို အထောက်အကူဖြစ်စေသော ဗီတာမင်နှင့် သတ္တုဓာတ်တို့ အလုံအလောက်ပါရှိပြီး ဘေးဖြစ်စေတတ်သော ကိုလက်စထရော လုံးဝမပါရှိသည့်အတွက် နေ့စဉ်စားသုံးပေးသင့်သောအာဟာရဖြစ်ကြောင်း USDA (ခေါ်) အမျိုးသားအာဟာရပြုစစ်တမ်းများနှင့် WHFoods တို့မှ အခိုင်အမာထောက်ခံထားကြပါသည်။ ပဲပြုတ်ထဲတွင် အဆီဓာတ်နှင့် ကယ်လိုရီပါဝင်မှု မရှိသလောက် လွန်စွာနည်းပါးသော်လည်း အာဟာရဓာတ်ကြွယ်ဝသောကြောင့် ကိုယ်ခန္ဓာအလေးချိန် ပုံမှန်ထိန်းသိမ်းလိုသူများ မှီဝဲစားသုံးသင့်သည်။ ပဲပြုတ်တွင် ချေဖျက်လွယ်သော အမျှင်ဓာတ် အမြောက်အမြားပါရှိနေကြပြီး ၎င်းဓာတ်များက အစာခြေလမ်းကြောင်းအတွင်း အစာကို လှုပ်ရှားရွေ့လျားစေသည့် အလိုအလျောက်ကြွက်သားလှုပ်ရှားမှုကို အားပေးသဖြင့် ဝမ်းချုပ်ခြင်းမှ ကာကွယ်ပေးပါသည်။ စားတော်ပဲပြုတ်တွင် nicotinic အက်စစ်ပါရှိသဖြင့် သွေးထဲရှိမကောင်းသော LDL ကိုလက်စထရောကို လျှော့ချပေးနိုင်သည်။ စားတော်ပဲက သံဓာတ်အရင်းအမြစ် ဖြစ်ခြင်းကြောင့် သွေးနီဥဆဲလ်များကို ကောင်းစွာတည်ဆောက်စေကာ သွေးအားနည်းရောဂါနှင့် အလွန်အမင်း မောပန်းခြင်းတို့မှ ကာကွယ်ပေးနိုင်ပြီး ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားလာစေပါသည်။

ထို့ပြင် အဆုတ်ထဲရှိ အောက်ဆီဂျင်ကို ခန္ဓာကိုယ်အနှံ့ ပို့ဆောင်ပေးသည်။ စားတော်ပဲတွင် lutein နှင့် carotenoid တို့ပါရှိနေသဖြင့် ပဲပြုတ်ကို ပုံမှန်စားသုံးသောသူများသည် အသက်အရွယ်ကြီးရင့်လာခြင်းကြောင့် ဖြစ်တတ်သော မျက်စိရောဂါအမျိုးမျိုးနှင့် မျက်စိရေတိမ်ရောဂါ ဖြစ်နိုင်ခြေ အလားအလာကို လျှော့ချပေးနိုင်ပါသည်။ စားတော်ပဲပြုတ် တစ်ခွက်စာပမာဏထဲတွင် ဗီတာမင်အေ ၄၄ ရာခိုင်နှုန်းပါရှိသည့်အပြင် ဗီတာမင်ဘီလည်း အပြည့်အဝပါရှိသဖြင့် အရိုးကျန်းမာသန်စွမ်းစေကာ ဟော်မုန်းအပြောင်းအလဲကြောင့် အရိုးကြွပ်ဆတ်ခြင်းမှလည်း ကာကွယ်ပေးနိုင်သည်။ ထို့ကြောင့် ကလေး၊ လူကြီးများသာမက ကိုယ်ဝန်ဆောင် မိခင်လောင်းများပါ ပဲပြုတ်ကို စားပေးသင့်သည်။ ထို့ပြင် စားတော်ပဲက သွေးထဲရှိ သကြားပမာဏကို ပုံမှန်ဖြစ်စေခြင်း၊ ခန္ဓာကိုယ်အတွက် လိုအပ်သောခွန်အားများကို ထုတ်လုပ်ပေးခြင်း၊ ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ်ကို တိုးတက်ကောင်းမွန်စေခြင်း၊ သွေးခဲခြင်းမှ ကာကွယ်ခြင်း၊ နှလုံးကျန်းမာစေခြင်း၊ အစာအိမ်ကင်ဆာ၊ လေပြွန်ဖောင်းပွသည့်ရောဂါ၊ မုက္ခရုရောဂါ၊ အယ်လ်ဇိုင်းမား (ခေါ်) ဦးနှောက်အကြိုဇရာရောဂါတို့ကို ကာကွယ်ပေးခြင်းဖြင့် ကောင်းကျိုးပြုပါသည်။ ဖောလိပ်ဓာတ် အရင်းအမြစ်စုဝေးရာ စားတော်ပဲပြုတ်ကို ကိုယ်ဝန်ဆောင်မိခင်များ စားပေးခြင်းဖြင့် မွေးဖွားလာသော ကလေးငယ်များတွင် မွေးရာပါ ဦးနှောက်နှင့် အာရုံကြောဝေဒနာများ ဖြစ်နိုင်ခြေအလားအလာ နည်းပါးစေသည်။ အမျိုးသမီးများ သွေးဆုံးကိုင်မဖြစ်စေပါ။

*စာမျက်နှာ ၁၂ သို့*

> **" ပဲပုပ်အမျိုးမျိုးရှိသည့်အနက် "ရွှေဝါ" ခေါ် ပဲပုပ်မျိုးသည် ပိုမွှေးပိုဆိမ့်သော အရသာထူး၍ ရှမ်းပြည်နယ်၌ ၁၉၅၅ ခုနှစ်မှာ တိုးချဲ့စိုက်ပျိုးခဲ့ပါသည်။ ပဲပုပ်တွင် ခွန်အားနှင့် သွေးနီအားကို တိုးတက်စေသောသံဓာတ်အလုံအလောက်ပါရှိနေသဖြင့် သက်သတ်လွတ်စားသူများအတွက် သံဓာတ်ဖြည့်စွက်စာအဖြစ် အားကိုးထိုက်ပါသည်။ ပဲပုပ်တွင် ပါရှိသော အသားဓာတ် (ခေါ်) ပရိုတင်းဓာတ်က အခြားသော သီးနှံပင်များထဲရှိ ပရိုတင်းဓာတ်မျိုးနှင့် မတူဘဲ သာလွန်ကောင်းမြတ်သော ပထမတန်းစား ပရိုတင်းဓာတ် ဖြစ်သည်။ ၎င်းပရိုတင်းဓာတ်သည် အမဲသား၊ ကြက်ဥနှင့် နွားနို့တွင်ပါရှိသော ပရိုတင်းဓာတ်နှင့် အမျိုးအစားတူညီရုံမျှမက ပဲပုပ်မှာ ပရိုတင်းဓာတ် ပါဝင်မှုပိုများသည်။ ထူးခြားချက်မှာ ပဲပုပ်တွင်ပါရှိသော ပရိုတင်းပမာဏသည် အမဲသားထက် နှစ်ဆ၊ ကြက်ဥထက် သုံးဆ၊ နွားနို့ထက် ဆယ့်တစ်ဆ ပိုမိုသည်။ ပဲပုပ်တွင် ကစီဓာတ်ပါဝင်မှု လွန်စွာနည်းသဖြင့် အဝလွန်သူများနှင့် ဆီးလွန်ရောဂါရှိသူများအတွက် ကောင်းကျိုးပြု "**

*စာမျက်နှာ ၁၀ မှ*

ဝင်ရောက်အသုံးပြုနိုင်သည့် လှေကားများ၊ လျှောက်လမ်းများ ဆောက်လုပ်ပေးခြင်း၊ မသန်စွမ်းမှုအမျိုးမျိုးအတွက် အများပြည်သူ သွားလာလှုပ်ရှားရာ နေရာများတွင် ဘီးတပ်ကုလားထိုင်များ လွယ်ကူအဆင်ပြေစွာ သွားလာနိုင်သည့် ချဉ်းကပ်လမ်းများနှင့် လုံခြုံသော နေရာထိုင်ခင်းများပါရှိအောင် ဒီဇိုင်းရေးဆွဲ ဆောက်လုပ်ပေးခြင်းဖြင့် သန်စွမ်းသူများနည်းတူ တန်းတူအခွင့်အရေးများ ရရှိလာစေမည် ဖြစ်ပါသည်။



မသန်စွမ်းသူများ၏ အခွင့်အရေးများတွင် အားလုံးပါဝင်နိုင်သော ပညာသင်ကြားခွင့်ရရှိရေးသည်လည်း အထူးလိုအပ်ပါသည်။ လေ့လာဆန်းစစ်ချက်များအရ မြန်မာနိုင်ငံတွင် မသန်စွမ်းကလေးသူငယ် နှစ်သိန်းသုံးသောင်းခန့်ရှိပြီး ကလေးသုံးဦးတွင် နှစ်ဦးမှာ ကျောင်းမတက်နိုင်ဘဲ ၃၆ ရာခိုင်နှုန်းခန့်သာ စာရေး၊ စာဖတ်နိုင်ကြောင်း သိရပါသည်။ ထို့ကြောင့် နိုင်ငံ့အနာဂတ်အတွက် မသန်စွမ်းကလေးများ ပုံမှန်ကျောင်းတက်ခွင့်ရရန်အတွက် လိုအပ်သော ကူညီပံ့ပိုးမှုများရရှိရန် လိုအပ်ပါသည်။ အားလုံးပါဝင်နိုင်သော ပညာရေးသည် မသန်စွမ်းကျောင်းသားများအတွက် ပညာရေးဆိုင်ရာ ရလဒ်များ တိုးတက်လာစေရန်နှင့် လူမှုရေးဆိုင်ရာ ပါဝင်လက်ခံနိုင်မှုကို မြှင့်တင်စေနိုင်ပါသည်။

ထို့ပြင် လူမှုရေးကိစ္စများ၊ အပန်းဖြေမှုကိစ္စများတွင် မသန်စွမ်းသူများ ပါဝင်နိုင်ရေးအတွက် ကြုံတွေ့နိုင်သည့် အခက်အခဲအတားအဆီးများကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဖယ်ရှားပေးရပါမည်။ ထိုသို့လုပ်ဆောင်ပေးရုံမျှမက အခြားတစ်ဖက်တွင်လည်း မသန်စွမ်းသူများ လျော့နည်းပပျောက်အောင် စီမံလုပ်ဆောင်ပေးရပါမည်။ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးအသိရှိလာစေရန် ဆောင်ရွက်ပေးခြင်း၊ လူတစ်ဦးအတွက် နေ့စဉ်လိုအပ်သော အာဟာရဓာတ်များကို သင့်တင့်မျှတအောင် စားသောက်တတ်စေရန် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် မသန်စွမ်းမှုပြဿနာများ လျော့နည်းကင်းဝေးစေမည်ဖြစ်ပါသည်။ မတော်တဆထိခိုက်မှု၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့မှုကြောင့် မသန်စွမ်းဖြစ်ခြင်းမှ ကင်းဝေးစေရန် ပြည်သူအားလုံး၏ အသိတရားနှင့် သတိထားကာကွယ်ကြရမည် ဖြစ်ပါသည်။ စစ်မက်ဖြစ်ပွားခြင်းကြောင့် မသန်စွမ်းအဖြစ်သို့ ရောက်ရှိခြင်းမှ လျော့နည်းပပျောက်စေရန်အတွက်မူ နိုင်ငံအတွင်း ငြိမ်းချမ်းရေးတည်ဆောက်မှသာ ရရှိနိုင်ပါမည်။

ဤကမ္ဘာမြေတွင် မသန်စွမ်းသူများ လုံးဝပပျောက်မသွားသည့်တိုင်အောင် ရှိနေသည့် မသန်သူများကို စွမ်းလာအောင် ဖေးမကူညီအားပေးရပါမည်။ မသန်စွမ်းသူတို့၏ နေ့စဉ်ဘဝ ရှင်သန်မှုဖြစ်စဉ်တိုင်းတွင် သွားရေးလာရေး အဆင်ပြေစေမည့်နည်းလမ်းများ၊ အရေးပေါ်ကြုံတွေ့နိုင်သည့် ကျန်းမာရေးပြဿနာများကို နည်းလမ်းများကြံဆရှာဖွေလုပ်ဆောင်ပေးရပါမည်။ မသန်စွမ်းသူများကို သန်စွမ်းသူများနည်းတူ တန်းတူညီမျှ အခွင့်အရေးများ ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ ပူးပေါင်းလုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးခြင်းဖြင့် နောင်လာမည့် အနာဂတ်တွင် မသန်စွမ်းသူတို့၏ စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာပါ ကြံ့ခိုင်လာကာ မသန်သော်လည်း စွမ်းသည့် စွမ်းဆောင်ရှင်များအဖြစ် နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးထမ်းဆောင်လာနိုင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**နေ့စဉ်ထုတ်သတင်းစာများ**

---

*စာမျက်နှာ ၁၁ မှ*

**မတ်ပဲနှင့် ကျန်းမာရေး**

မတ်ပဲတွင် ဗီတာမင်၊ ပရိုတင်း၊ သတ္တုဓာတ်စသည်တို့ အမြောက်အမြားပါဝင်နေသောကြောင့် လူသားတို့ ကျန်းမာရေးအတွက် အရေးပါသော ပဲတစ်မျိုး ဖြစ်ပါသည်။ မတ်ပဲသည် သံဓာတ်ပြည့်ဝသော ကောက်ပဲသီးနှံ တစ်မျိုးဖြစ်၍ ခွန်အားဖြစ်စေသည်။ အထူးသဖြင့် သံဓာတ်အားနည်း၍ ဓမ္မတာမမှန်သော အမျိုးသမီးများ မဖြစ်မနေ စားပေးသင့်သည်။ မတ်ပဲတွင် ကျေညက်လွယ်သော အမျှင်ဓာတ်နှင့် ကျေညက်ခဲသော အမျှင်ဓာတ်ဟူ၍ အမျှင်ဓာတ်နှစ်မျိုး ကြွယ်ဝစွာ ပါရှိနေကြပြီး ၎င်းအမျှင်ဓာတ်များက အစာချေစနစ်ကို ကောင်းမွန်စေကာ ဝမ်းချုပ်ခြင်းမှလည်း ကာကွယ်ပေးသည်။ ဖောလစ်အက်စစ်နှင့် မဂ္ဂနီစီယမ်ဓာတ်တို့က နှလုံးသွေးကြောနံရံတွေ မပျက်စီးအောင် ထိန်းသိမ်းပေးပါသည်။ အထူးသဖြင့် မဂ္ဂနီစီယမ်ဓာတ်က နှလုံးသွေးများ ကောင်းစွာလည်ပတ် စီးဆင်းနိုင်အောင် အကူအညီပေးသည်။ မတ်ပဲတွင် ၎င်းဓာတ်များ ပါရှိနေကြသဖြင့် နှလုံးကျန်းမာအောင် အထောက်အကူပြုပေးနိုင်ပါသည်။ ထို့ပြင် မတ်ပဲက ခန္ဓာကိုယ်ထဲရှိ မကောင်းသော ကိုလက်စထရောကို ကျစေသည်။ မတ်ပဲကို ရေထဲမှာ အချိန်ခြောက်နာရီကျော်စိမ်ပြီးနောက် ထောပတ်ဆီဖြင့် ကြော်စားခြင်းဖြင့် အမျိုးသားများအတွက် အရည်အသွေး ပြည့်မီသော သုတ်ထွက်အားကောင်းစေသည်။

ထို့ပြင် မတ်ပဲနှင့် ထောပတ်ကြော်စားပေးခြင်းဖြင့် နို့တိုက်မိခင်များအတွက် နို့ထွက်အားကောင်းစေသည်။ ပရိုတင်းဓာတ် အရင်းအမြစ်ဖြစ်သည့် မတ်ပဲကိုစားပြီးနောက် ခန္ဓာကိုယ် ဖွံ့ဖြိုးကြီးထွားလာကာ ကြွက်သားတစ်ရှူးများကို ခွန်အားဖြစ်စေသည်။ ထမင်းကဲ့သို့ အစားအစာများ စားပြီးနောက် သွေးထဲက ဂလူးကို့စ်ပမာဏကို မတ်ပဲက ထိန်းညှိပေးနိုင်သည်။ ဆီးချိုရောဂါဖြစ်ခါစ လူနာများအနေဖြင့် မတ်ပဲဖြင့်လုပ်ထားသော ပဲပင်ပေါက်လက်တစ်ဆုပ်စာ ပမာဏကို ကြက်ဟင်းခါးသီးအနေတော်အရွယ် တစ်လုံးဖြင့်ကြိတ်၍ ဖျော်သောက်ပေးပါ။ ဤဆေးအား တစ်နေ့တစ်ကြိမ်နှုန်းဖြင့် လေးလခန့်ကြာအောင် စွဲသောက်ပေးခြင်းဖြင့်ဆီးချိုရောဂါကို အမြစ်ပြတ်စေနိုင်ပါသည်။ မှတ်ဉာဏ်အားနည်းခြင်း၊ စိတ်ကယောင်ချောက်ချားဖြစ်ခြင်း၊ သတိမေ့လျော့ခြင်း စသည့် အာရုံခံအင်္ဂါအဖွဲ့အစည်းပြဿနာများအတွက် မတ်ပဲက လွန်စွာကောင်းကျိုးပြုသည်။ ထို့ပြင် အဆစ်အမျက်ရောင်ရမ်းခြင်းများ သက်သာစေခြင်း၊ ကိုယ်ခံအားကောင်းစေခြင်း၊ အဆီကျစေခြင်း၊ အရိုးအားကောင်းစေခြင်း စသည်ဖြင့် ကောင်းကျိုးပြုသည့်အပြင် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့်လည်း မတ်ပဲကို ဖြည့်စွက်စာအဖြစ် စားသုံးပေးသင့်ပါသည်။

**ပဲတီစိမ်းနှင့် ကျန်းမာရေး**

မြန်မာနိုင်ငံတွင် ပဲမျိုးစုံသီးနှံကို ဧက ၁၀ သန်းနီးပါး စိုက်ပျိုးလျက်ရှိရာ ၎င်းတို့အနက် ပဲတီစိမ်းစိုက်ဧကမှာ အများဆုံးဖြစ်သည်။ ပဲတီစိမ်းကို ပြည်ပပို့ကုန်တွင် အားကိုးရပြီး ပြည်တွင်းစားသုံးမှုအတွက်ကိုလည်း အားထားရသော သီးနှံဖြစ်သည်။ ပဲတီစိမ်းတွင် လူကိုဘေးဖြစ်စေသောအဆီ လုံးဝမပါရှိပေ။ တစ်အောင်စ အလေးချိန်ရှိသည့် ပဲတီစိမ်းတွင်ပါရှိသော ပရိုတင်းဓာတ်သည် ၎င်းနှင့်အလေးချိန်တူ ကြက်သား သို့မဟုတ် ကြက်ဆင် သို့မဟုတ် ဆယ်လ်မွန်ငါး တစ်အောင်စထဲတွင် ပါရှိသော ပရိုတင်းဓာတ်ပမာဏနှင့် ထပ်တူညီမျှနေပြီး ကြက်ပြုတ်တစ်လုံး၏ ပရိုတင်းပမာဏနှင့်လည်း ထပ်တူညီကြောင်း သိရသည်။ ပဲတီစိမ်းရှိ ကော့ပါးဓာတ်က လူ့ခန္ဓာကိုယ် အသားအရေအတွက် အရွယ်တင်နုပျိုစေသော လျှို့ဝှက်ချက်ဖြစ်ပါသည်။ ပဲတီစိမ်းကို နံနက်စာ အာဟာရအဖြစ် နေ့စဉ်စားသုံးပေးခြင်းဖြင့် မျက်နှာပေါ်က အမည်းစက်ပြောက်များနှင့် အရေးအကြောင်းများကို လျော့ပါးသက်သာစေကာ လက်ရှိမိမိအသက်ထက် ၁၀ နှစ်လောက်ပို၍ ပျိုမြစ်နုနယ်သွားစေနိုင်ပါသည်။

**နေထိုင်စားသောက်မှု စနစ်မကျခြင်းကြောင့် ကျန်းမာရေးဆုတ်ယုတ်နေကြ**

ယနေ့ကမ္ဘာတွင် လူသားများ နေထိုင်စားသောက်မှု စနစ်မကျခြင်းကြောင့် ကျန်းမာရေးဆုတ်ယုတ်နေကြသည်။ ပဲတီစိမ်းက အစာချေစနစ်ကို ကောင်းမွန်စေပြီး ခန္ဓာကိုယ်တွင်း ဇီဝကမ္မဖြစ်စဉ်ကို တိုးတက်စေသဖြင့် သွေးလွှတ်ကြောများနှင့် ဆံခြည်မျှင် သွေးကြောငယ်များအတွင်း ကိုလက်စထရောများ အနည်ကျပိတ်ဆို့ခြင်းကို လျှော့ချပေးနိုင်သည်။ ထို့ပြင် ကိုလက်စထရောကြောင့် နှလုံးရောဂါဖြစ်ခြင်းမှလည်း ကာကွယ်ပေးနိုင်ပါသည်။ ပဲတီစိမ်း ပုံမှန်စားပေးခြင်းက အစာကျေညက်လွယ်ခြင်း၊ အရိုးအားကောင်းစေခြင်း၊ သွားနှင့် သွားဖုံးကျန်းမာစေခြင်း၊ သွေးတိုးရောဂါမှ ကာကွယ်ပေးခြင်း၊ စိတ်အာရုံခံစွမ်းအား တိုးပွားစေခြင်း၊ ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေခြင်း၊ ခန္ဓာကိုယ်တွင်း အဆိပ်အတောက် ပြေပျောက်စေခြင်း၊ကင်ဆာရောဂါများကို နှိမ်နင်းပေးခြင်း၊ သကြားပမာဏကို ထိန်းညှိပေးခြင်း၊ အမြင်အာရုံကောင်းစေခြင်း၊ အသည်းကျန်းမာစေခြင်း၊ ဗိုင်းရပ်စ်ပိုးအန္တရာယ်မှ ကာကွယ်ပေးခြင်း စသည်ဖြင့်ကောင်းကျိုးပြုပါသည်။

အချုပ်အားဖြင့်ဆိုသော် ပြည်ပပို့ကုန်ကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုကဏ္ဍမှာ အားထားရသည့်ကဏ္ဍတစ်ခုဖြစ်နေသကဲ့သို့လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုကဏ္ဍတွင်လည်း ပဲမျိုးစုံတင်ပို့မှုမှာ အားထားရသည့် ကဏ္ဍတစ်ခုဖြစ်နေကြောင်း သိရပါသည်။ မြန်မာ့ပဲမျိုးစုံမှ နိုင်ငံခြားဝင်ငွေ အမြောက်အမြား ဖော်ဆောင်နိုင်သဖြင့် ပဲစိုက်တောင်သူများအနေဖြင့် ယခုထက်ပို၍ တိုးချဲ့စိုက်ပျိုးသင့်သလို နိုင်ငံတော်အနေဖြင့်လည်း ပဲစိုက်တောင်သူများအတွက် လိုအပ်သောပံ့ပိုးမှုများကို ဆောင်ရွက်စေလိုပါကြောင်း၊ ပဲသီးနှံစားသုံးခြင်းကြောင့် ကျန်းမာရေး အကျိုးကျေးဇူး အများအပြားရရှိနိုင်ပြီး ဘေးထွက်ဆိုးကျိုးမှာလည်း မရှိသလောက် ရှားပါးကာ ခွန်အားပြည့်ဝစေမည်ဖြစ်ပါ၍ အရွယ် သုံးပါးမရွေး ပဲမျိုးစုံကို စားသောက်ကြစေလိုပါကြောင်း အကြံပြုလိုက်ရပါသည်။ ။

---

## ၂၀၂၄ ခုနှစ် နိုဝင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "ပြည်တွင်းစားသုံးဆီဖူလုံဖို့ နေကြာသီးနှံ တိုးစိုက်စို့" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (နိုဝင်ဘာလ)ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ K.M.A တို့၏ "ပြည်တွင်းစားသုံးဆီဖူလုံဖို့ နေကြာသီးနှံတိုးစိုက်စို့" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ နေသူရိန်၊ စန်းနီလာဝင်း၊ ကိုဇော်ငွေး (ယဉ်ကျေးမှု)၊ မြသာဝင်း၊ ထက်ဝေအောင်(စစ်ကိုင်း)တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ အေးထွန်းမင်း၊ ဝင်းထွဋ်ဦး တို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်) ၏ စီးပွားရေးဆိုင်ရာဆောင်းပါး၊ မောင်ခင်ညို (မန်းတက္ကသိုလ်)၊ နွေကံ့ကော်(မြို့လှ)တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ သန့်လွင်ထွန်း (MPA)၏ ကလေးစစ်သားပပျောက်ရေးဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၏ အကြမ်းဖက်မှုဆိုင်ရာဆောင်းပါး၊ မြသိန်း၊ ကိုကိုအောင် (အလုပ်သမား) တို့၏ မူးယစ်ဆေးဝါးဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာကောင်းစံ ၏ လူကုန်ကူးမှုဆိုင်ရာဆောင်းပါး၊ ဒေါက်တာမြင့်သန်း၊ မြသဲ(သုတေသန)တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိန်ဝင်းမော်၊ စိုးစိုး(ပန်းတောင်း)၊ ခင်မောင်အေး၊ ဆောင်းဝင်းလတ်၊ ဒေါက်တာလွင်သန့်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်စာအုပ်ဆိုင် ဖုန်း ၀၉- ၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဘေရွတ်ကို အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ၁၁ ဦးထက်မနည်းသေဆုံး၊ ၆၃ ဦးဒဏ်ရာရရှိ

**ဘေရွတ် နိုဝင်ဘာ ၂၃**

လက်ဘနွန်နိုင်ငံမြို့တော် ဘေရွတ်ရှိ လူနေ အဆောက်အအုံတစ်လုံးကို နိုဝင်ဘာ ၂၃ ရက် အရုဏ်တက်ချိန်တွင် အစ္စရေးက ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုပြုလုပ်သဖြင့် ၁၁ ဦးထက်မနည်း သေဆုံးပြီး အခြား ၆၃ ဦး ဒဏ်ရာရရှိကြောင်း လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် ရှစ်ထပ်တိုက်တစ်လုံး ပေါက်ကွဲပျက်စီးခဲ့ပြီး အနီးအနားရှိ အဆောက်အအုံများလည်း ဆိုးရွားစွာပျက်စီးခဲ့ကြောင်း၊ အရပ်ဘက်ကာကွယ်ရေးအဖွဲ့များက အပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။



အစ္စရေးလေကြောင်းတိုက်ခိုက်ခံရသည့် ဘေရွတ်မြို့၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ်။

လေကြောင်းတိုက်ခိုက်မှုမှာ အရေးပါသည့် ဟစ်ဇ်ဘိုလာအရာရှိများကို ရည်ရွယ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း အစ္စရေးမီဒီယာများက ထုတ်ပြန်ထားသည်။ ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး ဟစ်ဇ်ဘိုလာဘက်မှ မည်သည့်မှတ်ချက်မှ မပေးသေးပေ။

အစ္စရေး တပ်မတော်သည် ဟစ်ဇ်ဘိုလာနှင့် ပဋိပက္ခများ တင်းမာလာချိန် စက်တင်ဘာ ၂၃ ရက်မှစကာ လက်ဘနွန်နိုင်ငံသို့ လေကြောင်းတိုက်ခိုက်မှုများ အရှိန်မြှင့်တင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဇမ်ဘီယာနိုင်ငံ၌ ကာလဝမ်းရောဂါကာကွယ်ဆေး သောက်ဆေးများ ဖြန့်ဝေသွားမည်

**၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ကာလဝမ်းရောဂါကြောင့် ၇၀၀နီးပါးသေဆုံး**

**လူဆာကာ နိုဝင်ဘာ ၂၃**

ဇမ်ဘီယာနိုင်ငံ၌ လာမည့်လ ပထမပတ်တွင် ကာလဝမ်းရောဂါ သောက်ဆေးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ကာလဝမ်းရောဂါ ဖြစ်ပွားနေသည့်နေရာများကို ဦးတည်ကာ ကာကွယ်ဆေးဖြန့်ဝေမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အစိုးရအရာရှိတစ်ဦးက နိုဝင်ဘာ ၂၂ ရက်တွင် ပြောသည်။

နိုင်ငံတစ်ဝန်း ကာလဝမ်းရောဂါဖြစ်ပွားနေသည့် နေရာ ၅၄ နေရာရှိပြီး မိုးရာသီကာလစတင်သည့်အချိန်တွင် ကာကွယ်ဆေး တိုက်ကျွေးမှုများပြုလုပ်သွားမည်ဟု ကျန်းမာရေးဝန်ကြီးဌာန နည်းပညာဝန်ဆောင်မှုဆိုင်ရာ အမြဲတမ်းအတွင်းဝန် ကန်နဒီ လစ်ရှမ်ပီက ပြောသည်။

ဇမ်ဘီယာနိုင်ငံ၌ လက်ရှိတွင် ကာလဝမ်းရောဂါကာကွယ်ဆေး သောက်ဆေး နှစ်သန်းရှိပြီး ကာကွယ်ဆေး နောက်ထပ်သုံးသန်း ထပ်မံရောက်ရှိရန်ရှိသည်ဟု ၎င်းက ဆက်ပြောသည်။ ရောဂါကူးစက်မှုဖြစ်ပွားနေသည့်ဒေသများတွင် ဖြစ်ပွားမှုနှုန်းကို လျင်မြန်စွာ ထိန်းချုပ်နိုင်ရေး စောင့်ကြည့်ရေးစနစ်များကိုလည်း ထည့်သွင်းထားကြောင်း ၎င်းက ဆက်ပြောသည်။

ရပ်ရွာအခြေပြု စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းကာ တစ်ကိုယ်ရေသန့်ရှင်းရေးပညာပေးမှုများ၊ သန့်ရှင်းသောသဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်လျက်ရှိကြောင်း ဇမ်ဘီယာအမျိုးသားပြည်သူ့ကျန်းမာရေးအင်စတီကျုမှ အရေးပေါ်ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုဆိုင်ရာဒါရိုက်တာ နာတန်ကက်ပါတာက ပြောသည်။

ဇမ်ဘီယာနိုင်ငံ၌ ၂၀၂၃ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် ၇၀၀ နီးပါး သေဆုံးခဲ့ပြီး ရောဂါဖြစ်ပွားသူ ၂၀၀၀၀ ကျော်ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

## လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးလုပ်သား စံချိန်တင် သေဆုံး

**နယူးယောက် နိုဝင်ဘာ ၂၃**

ယခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိ ပဋိပက္ခဇုန်များအတွင်း အသက်ဆုံးရှုံးမှုဖြစ်ပွားသော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး လုပ်သားအရေအတွက်မှာ ၂၈၁ ဦးအထိ ရှိသည်ဟု ကုလသမဂ္ဂက ပြောသည်။

ယင်းသေဆုံးမှုအရေအတွက်မှာ စံချိန်တင်အများဆုံးဖြစ်သည်ဟု ဆိုသည်။ လူမှုဝန်ထမ်းညှိနှိုင်းဆောင်ရွက်ရေးရုံး (အိုစီအိတ်ချ်ကေ)က နိုဝင်ဘာ ၂၂ ရက်တွင် အဆိုပါကိန်းဂဏန်းအချက်အလက်ကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ အကူအညီပေးရေး လုပ်သားသေဆုံးမှု အရေအတွက်သည် ယမန်နှစ်က စံချိန်တင်ထားသော စံချိန် ၂၈၀ ကို ကျော်လွန်ခဲ့ကြောင်း၊ ဂါဇာကမ်းမြောင်တွင် ပဋိပက္ခဖြစ်ပွားမှုက သေဆုံးသူအရေအတွက်ကို ပိုတိုးစေခဲ့ကြောင်း အဆိုပါရုံးက ပြောသည်။




အကူအညီပေးရေး လုပ်သား သေဆုံးသူများအနက် ဂါဇာအပါအဝင် ပါလက်စတိုင်းနယ်မြေတွင် သေဆုံးသူ ၁၇၈ ဦးရှိပြီး ဆူဒန်နိုင်ငံတွင် ၂၅ ဦး၊ ယူကရိန်းနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတို့တွင် ၁၁ ဦးစီရှိကြောင်း၊ ထို့အပြင် အကူအညီပေးရေး လုပ်သားထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်မှာ ၁၆၅ ဦးနှင့် ပြန်ပေးဆွဲခံရသူ ၇၉ ဦးရှိကြောင်း အိုစီအိတ်ချ်ကေက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ ရေပေးဝေရေးအခမ်းအနား ဖွင့်လှစ်

**ကဘူးလ် နိုဝင်ဘာ ၂၃**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဇာဘူပြည်နယ်၌ ရေပေးဝေရေးစီမံကိန်းဆောက်လုပ်ပြီးစီးပြီဖြစ်သဖြင့် လုပ်ငန်းစတင်နေပြီဖြစ်ကြောင်း နိုင်ငံပိုင်ဘက်ခ်ဟာသတင်းအေဂျင်စီက နိုဝင်ဘာ ၂၃ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါလုပ်ငန်းမှာ အာဖဂန်နီ လေးသန်း(အမေရိကန်ဒေါ်လာ ၅၈၈၂၃ ခန့်) ကုန်ကျပြီး ဇာဘူပြည်နယ်၏ မြို့တော်ကာလတ်ရှိ မိသားစု ၂၄၀ အတွက် သန့်ရှင်းသည့်ရေပေးဝေနိုင်မည်ဖြစ်သည်။ ထို့ပြင်အဆိုပါဒေသအတွင်း ဧကရာနှင့်ချီသည့်ရေများကို တောင်သူများအတွက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် နှစ်ပေါင်းများစွာကြာ မိုးခေါင်ရေရှားမှုဒဏ်ကို ခံစားခဲ့ရပြီး မြို့တော်ကဘူးလ်အပါအဝင် မြို့ကြီးများတွင် နေထိုင်သူများသည် လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း ကြီးမားသည့် သောက်သုံးရေပြတ်လပ်မှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**



## မျောက်ကျောက်ရောဂါက ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ်ရှိနေ

**ဂျီနီဗာ နိုဝင်ဘာ ၂၃**

မျောက်ကျောက်ရောဂါဖြစ်ပွားမှုတိုးလာခြင်းသည် နိုင်ငံတကာစိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ဆက်လက်ရှိနေသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က (ဒဗလျူအိတ်ချ်အို)က နိုဝင်ဘာ ၂၂ ရက်တွင် ပြောသည်။

နိုင်ငံတကာကျန်းမာရေးစည်းမျဉ်းစည်းကမ်းများဆိုင်ရာ အရေးပေါ်ကော်မတီအစည်းအဝေးတွင် ရောဂါဖြစ်ပွားမှုတိုးလာခြင်းနှင့် ဆက်လက်ကူးစက်ပျံ့နှံ့လျက်ရှိခြင်းတို့အပေါ်တွင် အခြေခံကာ အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒဗလျူအိတ်ချ်အိုက အာဖရိက၌ မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုကြောင့် ဩဂုတ်လတွင် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ နိုဝင်ဘာ ၁၇ ရက်အထိ မျောက်ကျောက်ရောဂါ ဖြစ်ပွားသူပေါင်း ၁၂၅၉၆ ဦး ရှိသည်ဟု ဒဗလျူအိတ်ချ်အို၏ အစီရင်ခံစာတစ်ခုတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

## ပါကစ္စတန်၌ သေနတ်သမားများက ခရီးသည်တင်ယာဉ်များကို ပစ်ခတ်တိုက်ခိုက်၊ ၄၁ ဦးထက်မနည်းသေဆုံး

**ကရာချိ နိုဝင်ဘာ ၂၃**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ ရှီယိုက်မူဆလင်များကို တင်ဆောင်လာသည့် ခရီးသည်တင်ယာဉ်များကို သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်ပြီးနောက် အမျိုးသမီးများနှင့် ကလေးများအပါအဝင် ၄၁ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု သိရသည်။

ခိုင်ဘာပတ်ထွန်ခဝါပြည်နယ် ကူရန်ခရိုင်တွင် နိုဝင်ဘာ ၂၁ ရက်က အဆိုပါတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၄၁ ဦးထက်မနည်း သေဆုံးပြီး ၂၀ကျော်ဒဏ်ရာရရှိခဲ့သည်။ ရှီယိုက်မူဆလင်များကို ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်းဖြစ်သည်ဟု ရဲများက သံသယဝင်ကြသည်။

အဆိုပါတိုက်ခိုက်မှုနှင့် ပတ်သက်၍ မည်သည့်အဖွဲ့၏ လုပ်ရပ်ဖြစ်ကြောင်း မသိရသေးချေ။ အဆိုပါဒေသရှိ လူများစုဆွန်နီမူဆလင်နှင့် လူနည်းစု ရှီယိုက်မူဆလင်တို့အကြား ပဋိပက္ခများ ဖြစ်ပွားလေ့ရှိသည်။

ပဋိပက္ခများ မြင့်မားလာသည့်အတွက် သီတင်းပတ်အတန်ကြာ ပိတ်ထားသည့် အဝေးပြေးလမ်းကို ပြန်ဖွင့်ပေးလိုက်ပြီး တစ်ပတ်အကြာတွင် ယခုလို တိုက်ခိုက်မှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တိုင်းဒေသကြီး/ပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အားကစားသမားများ ရောက်ရှိတည်းခိုနေထိုင်မှုနှင့် ပြင်ဆင်ထားရှိမှုအခြေအနေသွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၃

**၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်း၌ အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်ရန် ရောက်ရှိလာကြသည့် ရခိုင်ပြည်နယ်ကိုယ်စားပြု အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများကို နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။**(ယာပုံ)



ယင်းနောက် ရခိုင်ပြည်နယ်ကိုယ်စားပြု အားကစားသမားများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် အားကစားနည်းပြများ တည်းခိုနေထိုင်ရန် နေရာချထားမှုနှင့် အသုံးအဆောင်ပစ္စည်းများ ထုတ်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် နည်းပြများ တည်းခိုနေထိုင်မည့်အဆောင်များနှင့် အိပ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အားကစားသမားများကို ကျန်းမာရေးနှင့် ညီညွတ်မှုရှိအောင် တည်းခိုနေထိုင်နိုင်ရေး အထူးဂရုပြုဆောင်ရွက်ရန်၊ သောက်သုံးရေနှင့် လျှပ်စစ်မီးပြတ်တောက်မှုမရှိအောင် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်၊ အိပ်ဆောင်များပတ်ဝန်းကျင်တွင် ပိုင်ရှင်မဲ့ခွေးများကြောင့် တည်းခိုနေထိုင်သူများ အန္တရာယ်မဖြစ်စေရန် ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ စားရိပ်သာများနှင့် ချက်ပြုတ်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး စားရိပ်သာများကို သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့်ညီညွတ်စေရန် ခင်းကျင်းဆောင်ရွက်ရန်၊ ဧည့်ခံကျွေးမွေးရာတွင် အစားအစာများကို သန့်ရှင်းလတ်ဆတ်မှုရှိစေရန်နှင့် ဘေးကင်းစေရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ချက်ပြုတ်ရန်၊ ချက်ပြုတ်ရေးအဖွဲ့များကို သန့်ရှင်းသပ်ရပ်စွာ ဝတ်စားဆင်ယင်၍ တစ်ကိုယ်ရေသန့်ရှင်းမှုရှိရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တည်းခိုရေးစခန်းအတွင်း ဆေးကုသမှုခံယူနိုင်ရန် ဖွင့်လှစ်ထားသည့် ဆေးခန်းများ၊ ဆပ်ကော်မတီရုံးခန်းနေရာများနှင့် စားသောက်ဆိုင်ခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ စားသောက်ဆိုင်များတွင် သန့်ရှင်းလတ်ဆတ်သည့် အစားအစာများ၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများကိုသာ ရောင်းချရန်၊ ဝမ်းပျက်ဝမ်းလျှောဖြစ်စေနိုင်သည့် အသုပ်များ၊ အမှည့်လွန်သည့်အသီးများ၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းမပါသည့် အစားအစာများကို ရောင်းချခြင်းမပြုစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ပိုးမွှားများကင်းစင်စေရန် ပိုးသတ်ဆေးဖျန်းခြင်း၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်သိမ်းဆည်းခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၆၁၅ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၃**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ အတွင်းနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။**(အပေါ်ယာပုံ)**



ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ် (၈၅၁) မှ (၁၇၀၀) အထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျောက်စိမ်း အတွဲပေါင်း ၆၁၅ တွဲ ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်း အတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများ ဖွင့်ဖောက်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲသတ္တမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ် (၁၇၀၁) မှ (၂၅၅၉) အထိကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။ အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများစာရင်းကို နိုဝင်ဘာ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၂၀၈ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့သည်။ ထို့ပြင် ပြပွဲတွင် အုပ်စု (အေ၊ ဘီ နှင့် စီ) တို့မှ ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ ကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပြပွဲပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၈၅၀ အနက် ကျောက်စိမ်းအတွဲ ၆၁၃ တွဲကိုလည်းကောင်း၊ ပြပွဲဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၈၅၀ အနက် ကျောက်စိမ်းအတွဲ ၆၁၅ တွဲကို လည်းကောင်း ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ကျောက်စိမ်းအတွဲပေါင်း ၃၁၀၀ ကို နိုဝင်ဘာ ၂၇ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒက္ခိဏသီရိမြို့နယ်၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြောင်း အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကိုယမန်နေ့က ဒက္ခိဏသီရိမြို့နယ် အ.ထ.က(ခွဲ) ရန်အောင်မြင်ကျောင်း၌ ကျင်းပသည်။



ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်က အမျိုးသားနေ့အောင်ပွဲနေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ ပြပွဲနှင့် ကျပန်းစကား ပြောပြိုင်ပွဲများ ကျင်းပရသည့် ရည်ရွယ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော် စာပေဝိုင်းမှ စာရေးဆရာ နွေဦးကိုကိုက အမျိုးသားရေးတာဝန်များနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်များ ထက်သန်စေရန် ဆွေးနွေးဟောပြောသည်။

ယင်းနောက် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျပန်းစကား ပြောပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့်ပတ်သက်သည့် နံရံကပ်စာစောင်များ၊ လူငယ်ရေးရာအသိပညာပေး သုတ၊ ရသစာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**ပျဉ်းမနားမြို့နယ်အတွင်း မီးဘေးလုံခြုံရေး၊ မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် နိုဝင်ဘာ ၂၂ ရက်တွင် ပျဉ်းမနားမြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က မီးဘေးအန္တရာယ် ဆော်ဩသတိပေးခြင်းနှင့် တစ်အိမ်တက်/ဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။**

ဟိန်းထက်ဇော်(မြန်မာ့အလင်း)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကား ပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရောဝတီတိုင်းဒေသကြီး အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၇/၂၀၂၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူ များက အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အားကစားရုံ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၇/၂၀၂၄) သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# MNL-2 ပြိုင်ပွဲတွင် ရာမညယူနိုက်တက်နှင့် Chinland အသင်း နိုင်ပွဲရယူပြီး ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေ

**ရန်ကုန် နိုဝင်ဘာ ၂၃**

၂၀၂၄ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃) ကို နိုဝင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်က ဆက်လက်ကျင်းပရာ ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေသည့်အသင်းများအနက် ရာမညယူနိုက်တက်နှင့် Chinland အသင်း အနိုင်ရပြီး တက္ကသိုလ်အသင်းမှာမူ ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် အခွင့်အရေးနည်း သွားပြီဖြစ်သည်။

ပွဲစဉ် (၁၃) တွင် ရာမညယူနိုက်တက်အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုး၊ ကချင်ယူနိုက်တက်အသင်းက တက္ကသိုလ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ Glory Goal အသင်းက ရောဝတီရိန်းဂျားအသင်းကို လေးဂိုး-တစ်ဂိုး၊ Chinland အသင်းက ငွေကြယ်ပွင့်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေသည့်အသင်းများအနက် တက္ကသိုလ်အသင်းသည် ယခုတစ်ပတ်တွင် ခြေချော်ခဲ့ပြီး ရာမညယူနိုက်တက်နှင့် Chinland အသင်း အနိုင်ရခဲ့သဖြင့် ချန်ပီယံဆုအတွက် အခွင့်အရေး ပိုကောင်းသွားသည်။

ပွဲစဉ် (၁၃) အပြီးတွင် ရာမညယူနိုက်တက်အသင်းက ရမှတ် ၃၀၊ Chinland အသင်းက ၂၉ မှတ်၊ တက္ကသိုလ်အသင်းက ၂၇ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၂၅ မှတ်၊ Glory Goal အသင်းက ၁၅ မှတ်၊ ငွေကြယ်ပွင့်အသင်းက ရှစ်မှတ်၊ ရွှေပြည်သာယူနိုက်တက်နှင့် ရောဝတီရိန်းဂျားအသင်းတို့က ခုနစ်မှတ်စီရရှိထားသည်။ ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲသာလိုတော့ပြီး ချန်ပီယံဆုအတွက် ရာမညယူနိုက်တက်၊ Chinland နှင့် တက္ကသိုလ်အသင်းသုံးသင်းသာ မျှော်လင့်ချက်ရှိပြီး နောက်ဆုံးပွဲတွင် ရာမညယူနိုက်တက်နှင့် တက္ကသိုလ်အသင်း ထိပ်တိုက်တွေ့ဆုံနေကာ Chinland အသင်းမှာမူ ရွှေပြည်သာယူနိုက်တက်အသင်း နှင့် တွေ့ဆုံနေသဖြင့် ပွဲချောင်နေသည်။ ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရာမညယူနိုက်တက်အသင်းသည် နောက်ဆုံးပွဲတွင် အနိုင်ရပါက ချန်ပီယံဆုရယူနိုင်မည်ဖြစ်ကာ ဒုတိယနေရာမှ Chinland အသင်းမှာမူ နိုင်ပွဲရယူနိုင်ရန် လိုအပ်သည့်အပြင် ရာမညယူနိုက်တက်အသင်း နိုင်ပွဲပျောက်ဆုံးပါက ချန်ပီယံဆု မျှော်လင့်နိုင်မည်ဖြစ်သည်။ တက္ကသိုလ်အသင်းမှာမူ နောက်ဆုံးပွဲတွင် အနိုင်ရရန် လိုအပ်သည့်အပြင် Chinland အသင်း နိုင်ပွဲပျောက်ဆုံးမှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။

**ရဲရင့်လွင်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄ - ၁၁ - ၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၁၅ | ၃၀၃၅ | ၃၀၀၀ | ၂၉၆၅ | ၃၀၃၅ | ၃၀၅၀ | ၃၀၆၀ | ၃၀၀၅ | ၄၅၀၅ | ၃၀၇၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၇၀ | ၃၀၆၀ | ၃၀၇၅ | ၃၄၇၅ | ၃၉၅၀ |
| 95 Ron | ၃၀၅၀ | ၃၁၃၀ | ၃၂၀၅ | ၃၀၆၀ | ၃၁၃၅ | ၃၁၄၅ | ၃၁၆၀ | ၃၂၀၀ | ၄၅၆၀ | ၃၃၇၀ | ၃၂၂၀ | ၃၁၃၅ | ၃၂၇၀ | ၃၁၅၅ | ၃၂၇၀ | ၃၆၇၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၂၀ | ၂၇၀၀ | ၂၆၇၅ | ၂၆၃၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၃၀ | ၂၆၈၀ | - | ၂၈၄၀ | ၂၆၉၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၂၅ | ၂၇၄၀ | ၃၀၄၅ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၅၅ | ၃၃၄၀ | ၃၃၁၅ | ၃၂၆၅ | ၃၃၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၂၀ | ၄၈၃၀ | ၃၄၇၅ | ၃၃၂၅ | ၃၃၅၅ | ၃၃၇၅ | ၃၃၆၅ | ၃၃၇၅ | ၃၇၈၀ | - |
| HSD (10 ppm) | ၃၂၅၅ | ၃၃၄၀ | ၃၃၁၅ | ၃၂၆၅ | ၃၃၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၂၀ | - | ၃၄၇၅ | ၃၃၂၅ | ၃၃၅၅ | ၃၃၇၅ | ၃၃၆၅ | ၃၃၇၅ | ၃၇၈၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၉ | ၂၈၈၉ |
| 95 Ron | ၂၉၈၉ | ၃၀၈၃ |
| HSD (500 ppm) | ၂၄၇၅ | ၂၅၅၄ |
| HSD (50 ppm) | ၃၀၉၂ | ၃၁၈၄ |
| HSD (10 ppm) | ၃၀၉၂ | ၃၁၈၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ၂၃ - ၁၁ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၁၁၆၅ | ၉၈၈၉၉၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၁၄၉၂ | ၄၈၄၄၀၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁၈၆ | ၁၅၆၂၄၀၀ |
| FPB | ၂၉၅၀ | ၂၀၀၀ | ၁၅၆၉ | ၃၀၆၀၁၀၀ |
| TMH | ၃၁၅၀ | ၃၁၅၀ | ၁၈၃၄ | ၅၇၇၇၁၀၀ |
| EFR | ၁၈၀၀ | ၁၈၀၀ | ၆၀၀ | ၁၀၈၀၀၀၀ |
| AMATA | ၄၄၀၀ | ၄၅၀၀ | ၉၁၃ | ၄၁၀၇၇၀၀ |
| MAEX | ၃၁၅၀ | ၃၃၃၀ | ၂၂၁၆ | ၇၂၀၂၅၀၀ |
| MADPL (PLB) | ၃၄၅၀၀ | ၃၄၅၀၀ | ၀ | ၀ |

# တောင်သူများအနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်း အဓိကအချက်ကြီး လေးချက်ကိုလိုက်နာပြီး ခေတ်မီစိုက်ပျိုးနည်းစနစ်များဖြင့် ဆောင်ရွက်မှသာ ပန်းတိုင်အထွက်နှုန်း ရရှိနိုင်မည်



**ပဲခူး နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် နိုဝင်ဘာ ၂၂ ရက်က သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သနပ်ပင်မြို့နယ် အောက်တဲစုကွင်းသို့ ရောက်ရှိခဲ့ပြီး နွေစပါးနှစ်သီး တစ်ကွင်းတစ်ဆက်တည်းဧက ၄၀၀ စံပြစိုက်ခင်းသို့ရောက်ရှိကာ နွေစပါးကို တိုင်းဒေသကြီးအစိုးရဖွဲ့မှ ထောက်ပံ့ထားသည့် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးရာ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ကြိုတင်ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးမှသာ သီးထပ်စွမ်းအား ပိုမိုတိုးတက်လာပြီး ဝင်ငွေတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးကုန်ထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်း အဓိကအချက်ကြီး လေးချက်ကိုလိုက်နာပြီး ခေတ်မီစိုက်ပျိုးနည်းစနစ်များဖြင့် ဆောင်ရွက်မှသာ ပန်းတိုင်အထွက်နှုန်း ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး သွင်းအားစုအား ထောက်ပံ့ပေးအပ်ခဲ့သည်။ ၎င်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နွေစပါး တိုးချဲ့စိုက်ပျိုးနိုင်ရေး ဘော်ဖြူရိုးချောင်း တူးဖော်ပြီးစီးမှုနှင့် နွေစပါးတိုးချဲ့စိုက်ပျိုးထားရှိမှုများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သနပ်ပင်မြို့နယ် ဖရဲကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် ဦးစိန်လင်း၏ ဒေသကြက်ကောင်ရေ ၃၀၀၀ မွေးမြူရေးခြံကိုလည်းကောင်း၊ ဈေးပိုင်းရပ်ကွက်ရှိ မိဘမေတ္တာ ဒေသန္တားကောင်ရေ ၁၀၀၊ ဒေသဆိတ်ကောင်ရေ ၁၀၀နှင့် ဥစားဘဲကောင်ရေ ၅၀၀ ဘက်စုံမွေးမြူရေးခြံနှင့် နေဗီယာမြက်စိုက်ပျိုးခင်းကို လည်းကောင်း၊ ကမာစဲကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးသိန်းလွင်၏ ဥစားဘဲ ကောင်ရေ ၅၀၀၀ မွေးမြူထားရှိမှုတို့ကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသ တွင်း အသား၊ ငါး၊ ဥ စားသုံးမှုဖူလုံပိုလျှံစေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရေး တိုးချဲ့မွေးမြူခြင်းများ ဆောင်ရွက်ရန်၊ တိရစ္ဆာန်အစာကို ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ရောစပ်ကျွေးမွေးရန်နှင့် မေထုန်မှဲ့သားစပ်ခြင်း သင်တန်းများ ကျယ်ကျယ်ပြန့်ပြန့် သင်တန်းပေးခြင်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကမာစဲကျေးရွာရှိ ဦးလူမော်၏ တစ်ရက် တန် ၂၅၀ ကျ ဆန်စက်သို့ သွားရောက်ပြီး ဆန်စက်လည်ပတ်နေမှု၊ လုံးတီးဆန်ကြိတ်ခွဲနေမှုနှင့် စပါးအခြောက်ခံစက်တို့ကို ကြည့်ရှုစစ်ဆေးသည်။ (ဓာတ်ပုံ) ၎င်းနောက် ဒေသတွင်း အသား၊ ငါး ကုန်ဈေးနှုန်း တည်ငြိမ်မှုရှိစေရေးနှင့် ဈေးကွက်အတွင်း အသား၊ ငါး၊ ဥ ပြတ်လပ်မှုမရှိစေရေး သနပ်ပင်မြို့ရှိ ဦးသန်းငွေ၏ ငါး၊ ပုစွန် ရောင်းဝယ်ရေးဒိုင်သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူး-သနပ်ပင်-သန်လျင်လမ်းမကြီးပေါ်ရှိ ပဲခူး-သနပ်ပင်လမ်းပိုင်း လမ်းချဲ့ခြင်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး ရေကျော်သည့် လမ်းပိုင်းများတွင် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်ကျောင်းများ ဖွင့်လှစ်မှု ကြည့်ရှုအားပေး

**လွိုင်ကော် နိုဝင်ဘာ ၂၃**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများနှင့် သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အလေးထား စီမံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည်



နိုဝင်ဘာ ၂၁ ရက်က စတင်ဖွင့်လှစ်သည့် နည်းပညာတက္ကသိုလ်(လွိုင်ကော်)၊ ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)နှင့် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်ကျောင်းများသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်ကျောင်းသို့ ရောက်ရှိကာ ပင်မစာသင်ဆောင်၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူမှု ဆောင်ရွက်နေသည်များကို ကြည့်ရှုအားပေးပြီး တက်ရောက်သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။ ယင်းနောက် စားရိပ်သာ၌ ကျောင်းသား ကျောင်းသူများအား ချက်ပြုတ်ကျွေးမွေးရန် ပြင်ဆင်ထားရှိမှုများ၊ သုံးထပ်အိပ်ဆောင် အမရာဆောင်နှင့် ကျန်စစ်သားဆောင်တို့တွင် ကျောင်းသား ကျောင်းသူများကို နေရာချထားပေးမှုအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)သို့ ရောက်ရှိကာ နည်းပညာတက္ကသိုလ်( လွိုင်ကော်)မှ မြို့ပြအင်ဂျင်နီယာ(ပထမနှစ်) အတန်း၊ ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)မှ ကွန်ပျူတာသိပ္ပံနှင့် နည်းပညာ(ပထမနှစ်)၊ ကွန်ပျူတာသိပ္ပံ၊ နည်းပညာ (ဒုတိယနှစ်)အတန်းများတွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူမှု ဆောင်ရွက်နေသည်များကို ကြည့်ရှုအားပေးပြီး တက်ရောက်သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများ အိပ်ဆောင် သံလွင်ဆောင်နှင့် ကန္တရဝတီအဆောင်များ၌ နေရာချထားမှု၊ အဆောင်အတွင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယနေ့ စတင်ဖွင့်လှစ်သည့် နည်းပညာတက္ကသိုလ် (လွိုင်ကော်)၊ ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်) နှင့် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်ကျောင်းများ၌ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှုအနေဖြင့် နည်းပညာတက္ကသိုလ် (လွိုင်ကော်)တွင် ပထမနှစ် ၁၂ ဦး၊ ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)တွင် ပထမနှစ် လေးဦး၊ ဒုတိယနှစ် ခုနစ်ဦး၊ လွိုင်ကော်ပညာရေး ဒီဂရီကောလိပ်တွင် ပထမနှစ် ၁၂ ဦး၊ ဒုတိယနှစ် ၆၄ ဦး၊ တတိယနှစ် ၁၄၁ ဦး၊ စတုတ္ထနှစ် ကိုးဦး စုစုပေါင်း ၂၄၉ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး အသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိသည့် ကျေးရွာစာကြည့်တိုက်များအား ကြည့်ရှုစစ်ဆေး

**လယ်ဝေး နိုဝင်ဘာ ၂၃**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်း မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီရန်ပုံငွေဖြင့် အသစ်ဆောက်လုပ်လျက်ရှိသည့် ကျေးရွာစာကြည့်တိုက်နှင့် ပြုပြင်လျက်ရှိသည့် စာကြည့်တိုက်များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်းရပ်ကွက် ဉာဏ်အလင်းစာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီရန်ပုံငွေကျပ် သိန်း ၅၀ ဖြင့် ပြုပြင်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေး၍ စာကြည့်တိုက်ရှင်သန်ခိုင်မာစေရေး၊ စာဖတ်သူ စာငှားသူများ တိုးတက်လာစေရေး၊ စာကြည့်တိုက်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရနှင့် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ကန်လှကျေးရွာ၊ ရွှေကန်လှစာကြည့်တိုက် မကြာမီ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးအတွက် ပရိဘောဂ၊ စာအုပ်စာစောင်နှင့် စာကြည့်တိုက် အင်္ဂါရပ်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ရမည့်လုပ်ငန်းများကို စနစ်တကျ ကြိုတင်ဆောင်ရွက်ထားရှိရန်နှင့် ကျေးရွာစာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာဖွံ့ဖြိုးစေရေးအတွက် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။



**ဝေကြည်( ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲများကျင်းပ

## ဖြူး

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောခြင်းကို နိုဝင်ဘာ ၂၂ ရက်က အထက(၁)ကျောင်း ရာပြည့်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးအောင်ကျော်မိုးက ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အကြောင်းကိုလည်းကောင်း၊ တောအုပ်ကြီး ဦးဇေလရောင်က ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များနှင့် သစ်တောသစ်ပင်များ၏ အရေးပါမှုအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## တောင်ကြီး

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် တောင်ကြီးမြို့နယ် သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ မီးခိုးမြူငွေ့အန္တရာယ်လျော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက်က တောင်ကြီးမြို့နယ် တောင်နီကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းအောင်ကျော်ဦးက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေးဆိုင်ရာများကို လည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလွမ်းမိုးထက်က မီးခိုးမြူငွေ့ညစ်ညမ်းမှု၏အဓိပ္ပာယ်၊ မီးခိုးမြူငွေ့ဖြစ်ပေါ်ရသည့်အကြောင်းရင်း၊ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုကြောင့် လူသားများနှင့် ပတ်ဝန်းကျင်အပေါ်အကျိုးသက်ရောက်မှု၊ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု လျော့ချရမည့်နည်းလမ်းများ၊ တောမီးလောင်မှုကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများနှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေးကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



## ထန်းတပင်

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို နိုဝင်ဘာ ၂၂ ရက်က အထက (ထန်းတပင်)ကျောင်း လှိုင်ရတနာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးနိုင်လင်းထွန်းက ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျော့ချရေး၊ မီးရှို့သည့်အတွက် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများ၊ မီးခိုးမြူငွေ့နှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များ ဖြစ်ပေါ်ရသည့်အကြောင်းရင်းများ၊ မီးခိုးမြူငွေ့တွင်ပါဝင်သော လေထုညစ်ညမ်းစေသည့် အကြောင်းအရာများနှင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများ၊ သစ်တောကဏ္ဍနှင့်ပတ်သက်၍ မီးခိုးမြူငွေ့ လျော့ချရေးဆိုင်ရာ အကြောင်းအရာများ၊ မီးခိုးမြူငွေ့ ဖြစ်ပွားချိန်များတွင် ကြိုတင်ကာကွယ် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေး ဟောပြောခဲ့သည်။ **ဇင်မင်းထိုက်(ထန်းတပင်)**



## ရန်ကုန်

မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က ကွမ်းခြံကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဇော်အောင်က မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်တားဆီးကာကွယ်ရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းက အမျိုးသမီးကဏ္ဍနှင့် မီးခိုးညစ်ညမ်းမှု အန္တရာယ်ကာကွယ်ရေးခေါင်းစဉ်များဖြင့် လည်းကောင်း အသိပညာပေး ဟောပြောကြသည်။ **သန်းဝင်း(သန်လျင်)**



## သာစည်

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သစ်တောဦးစီးဌာနမှ မီးခိုးမြူငွေ့လျော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ(မြို့နယ်အဆင့်)ကို နိုဝင်ဘာ ၂၁ ရက်က လှိုင်းတက်ကျေးရွာ ရွှေဘုံသာကျောင်းတိုက်ဓမ္မာရုံ၌ ပြုလုပ်သည်။

အသိပညာပေးဟောပြောပွဲတွင် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်စိုးက မီးခိုးမြူငွေ့လျော့ချရေးနှင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အသိပညာပေးဟောပြောပြီး တက်ရောက်လာသူများအား သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များနှင့် အာဟာရမုန့်များဝေငှပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျိုက်ထို

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် လေထုညစ်ညမ်းခြင်း၊ မီးခိုးမြူငွေ့ လျော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းအောင်နိုင်က ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်အကြောင်း၊ လေထုအလွှာအကြောင်း၊ လေထုညစ်ညမ်းမှု အမျိုးအစားများ၊ တောမီးနှင့် မီးခိုးမြူငွေ့အကြောင်း၊ မီးခိုးမြူငွေ့ကြောင့် ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများ၊ ပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများ၊ တောမီးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးဟောပြောခဲ့သည်။ **ကျိုက်ထို(ပြန်/ဆက်)**



## တံတားဦး

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် သစ်တောဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး နိုဝင်ဘာ ၂၁ ရက်က တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ မီးခိုးမြူငွေ့လျော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကိုကိုမောင်က အမှာစကား ပြောကြားပြီး အလေးထားမှတ်သားစေလိုကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးရဲထက်အောင်က မီးခိုးမြူငွေ့လျော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကြောင်းရင်း၊ လူသားများနှင့်ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု လျော့ချရမည့် နည်းလမ်းများ၊ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မီးခိုးမြူငွေ့နှင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေး အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

**ရဲတင့်(ပြန်/ဆက်)**



## ရပ်စောက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနမှ မီးခိုးမြူငွေ့လျော့ချရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် သဘာဝဘေးအန္တရာယ်လျော့ချရေး မြို့နယ်အဆင့် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က နောင်ခမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးမောင်က နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဖြစ်ပေါ်စေသောအကြောင်းရင်းများ၊ မီးခိုးမြူငွေ့ကြောင့် ထိခိုက်စေနိုင်သော ကျန်းမာရေး၊ လူမှုရေးဖြစ်စဉ်များ၊ မီးခိုးမြူငွေ့လျော့ချရေးအတွက် လက်တွေ့လိုက်နာဆောင်ရွက်နိုင်သောအချက်များ၊ ရာသီဥတုပြောင်းလဲမှုလျော့နည်းစေရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။ **ဆုမွန်(ပြန်/ဆက်)**



## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ (မြို့နယ်အဆင့်)ကို နိုဝင်ဘာ ၂၂ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း တော်ဝင်သဇင်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**



အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူလှက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသူရိန်ဝင်းက ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၊ ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသောအကြောင်းအရာများ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသောအကျိုးဆက်များ၊ ရာသီဥတုပြောင်းလဲမှုကို လျော့နည်းသက်သာစေမည့် နည်းလမ်းများ၊ ရာသီဥတု ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များနှင့် အဆိုပါ ဘေးအန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်မည့် နည်းလမ်းများ၊ မီးခိုးမြူငွေ့ ဖြစ်ပေါ်စေသည့် အကြောင်းအရာများ၊ မီးခိုးမြူငွေ့များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများ၊ မီးခိုးမြူငွေ့လျှော့ချနိုင်မည့် နည်းလမ်းများနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကို လက်ကမ်းစာစောင်များ ဖြန့်ဝေကာ ဆွေးနွေးဟောပြောသည်။

**မြင့်မြင့်ရီ**



## လုပ်ငန်းခွင်(ပြင်ပ) ထိခိုက်သေဆုံးမှုအတွက် အကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်လူမှုဖူလုံရေးရုံး ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် အကျုံးဝင်မှတ်ပုံတင်ထားသော သမီးတော်စွမ်းအား(Princess Power) အထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား ဒေါ်တင်စိုးအေး၏ လုပ်ငန်းခွင်ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်ငွေလုံးငွေရင်းထုတ်ပေးခြင်းကို နိုဝင်ဘာ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၊ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက မြို့နယ်လူမှုဖူလုံရေးရုံး ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် အကျုံးဝင်မှတ်ပုံတင်ထားသော သမီးတော်စွမ်းအား(Princess Power) အထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား ဒေါ်တင်စိုးအေး၏လုပ်ငန်းခွင် (ပြင်ပ) ထိခိုက်သေဆုံးမှုကြောင့် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို အာမခံအလုပ်သမား၏ ခင်ပွန်းဖြစ်သူ ဦးမြင့်လွင်ထံသို့ တာဝန်ရှိသူများရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ပေါင်းတည်မြို့နယ်၌ သီးနှံများ အဓိကပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာဆွေးနွေးပွဲကျင်းပ

**ပေါင်းတည် နိုဝင်ဘာ ၂၃**

ပေါင်းတည်မြို့နယ်၌ မြို့နယ်အတွင်း သီးနှံများအဓိကပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေး၊ စံပြကွက်ကြီးများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နည်းပညာဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်မျိုးမင်းက နည်းပညာဆွေးနွေးပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ဒုတိယတိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြိုင်က နှမ်းပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နှမ်းပေါင်ကြီးတင်စိုက်ပျိုးရေးစနစ် နည်းပညာများကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်မြင့်မြင့်သိန်းက စပါး RS to CS မျိုးစေ့ထုတ်လုပ်ခြင်းနည်းပညာများကို လည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်အေးအေးမင်းက မြေဆွေးပြုလုပ်သုံးစွဲနည်းပညာများကိုလည်းကောင်း၊ ခရိုင်ပိုးမွှားတာဝန်ခံ ဦးမင်းဇော်ဦးက ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်းနည်းပညာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ မီးခိုးမြူငွေ့နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မီးခိုးမြူငွေ့နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက်က အင်းစိန်မြို့နယ် အ.ထ.က(၃)ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ထွန်းနိုင်က မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာသိကောင်းစရာများကို ဟောပြောပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



## ကျောက်တန်းမြို့နယ် ပျဉ်းမကန်ကျေးရွာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျောက်တန်း နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ပျဉ်းမကန်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေး ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၂ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်နှင့် ဝန်ထမ်းများသည် စီမံကိန်းကော်မတီဝင်များနှင့်အတူ ပျဉ်းမကန်ကျေးရွာ၌ အရှည်ပေ ၂၃၉၀၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ်သိန်း ၂၀ ကို အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ထွန်း(ကျောက်တန်း)**

## ဇလွန်မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**ဇလွန် နိုဝင်ဘာ ၂၃**

ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သော မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက်က အ.ထ.က –၂ (ဇလွန်)၌ပြုလုပ်သည်။ အသိပညာပေးဟောပြောပွဲတွင် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ဇင်ဦးက ရာသီဥတုပြောင်းလဲခြင်းကို လျှော့ချရမည့် နည်းလမ်းများ၊ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာမှုနှင့် လျှော့ချရမည့်နည်းလမ်းများ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့်အချက်များ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့် နည်းလမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် သစ်ပင်စိုက်ပျိုးပြုစု ထိန်းသိမ်းခြင်းကြောင့် ရာသီဥတုကောင်းမွန်လာစေခြင်း စသည့်အကျိုးကျေးဇူးများကို ဟောပြောခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်း၌ မိုးစပါးစံကွက် ရိတ်သိမ်းပွဲကျင်းပ

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုကျေးရွာအုပ်စု မရဲ့အုန်းပင်စုကျေးရွာ၌ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက်က အဆိုပါကျေးရွာ စံပြလယ်ယာ ကွင်းအမှတ် (၁၁၈၅–ခ) ၌ ဆောင်ရွက်သည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ အဖွဲ့ဝင် (၁) ဗိုလ်မှူး မင်းလွင်၊ အဖွဲ့ဝင် (၂) ဦးတင်လှိုင်၊ အဖွဲ့ဝင် (၃) ဦးစောဝဏ္ဏ၊ အတွင်းရေးမှူး ရဲမှူး မိုးစိန်၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးချစ်နှင့် တာဝန်ရှိသူများက မိုးစပါးစိုက်ကေပြည့်မီရေး၊ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။ မရဲ့အုန်းပင်စုကျေးရွာ တောင်သူ ဦးတင်အောင်သန်း၏ စံပြလယ်ယာ ကွင်းမှတ် (၁၁၈၅– ခ) ၌စိုက်ပျိုးထားသော မိုးစပါး YSR – 1 စပါး အမျိုးအစားမှာ တစ်ကေလျှင် ၁၀၄ ဒသမ ၂ တင်း နှုန်းထွက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ ဆက်)**

# လူငယ်တွေစာဖတ်ဖို့ထက် ဖုန်းကိုပဲကြည့်နေလို့ ဖုန်းထဲက ကောင်းမွေ ဆိုးမွေရှိသလို စာပေဆိုးမွေကောင်းမွေတွေကို ခွဲခြားသိဖို့ စာကောင်းပေကောင်းတွေကို ဖတ်ဖို့လိုပါတယ်

စာပေပညာရှင်ဆရာကြီး ဦးညွန့်တင် (မောင်ငြိမ်းသူ – ကြို့ပင်ကောက်)

**ရန်ကုန် နိုဝင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာတစ်သက်လုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့်၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များကို ရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၂၃ ခုနှစ်အတွက် အမျိုးသား စာပေတစ်သက်တာဆုရှင်အဖြစ် ရွေးချယ်ချီးမြှင့်ခံရသော စာပေပညာရှင်ဆရာကြီးများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**စာပေပညာရှင်ဆရာကြီး**
**ဒေါက်တာမင်းတင်မွန် (ပါရဂူမင်းနန္ဒာ)**

"စာပေလောထဲကိုရောက်တဲ့ ၁၉၅၁ ကဗျာတစ်ပုဒ် တက္ကသိုလ်နှစ်ပတ်လည် မဂ္ဂဇင်းမှာပါခဲ့တာ အင်မတန်ဝမ်းသာခဲ့ရတယ်။ အခု အသက် ၉၁ နှစ်ရှိပါပြီ။ ရေးခဲ့တဲ့ ပညာပေးစာအုပ်က ၂၃ အုပ်တိတိ၊ ဓမ္မစာပေစာအုပ်က ၇၂ အုပ် စုစုပေါင်း ၉၅ အုပ်ရှိပါပြီ။ ဆရာတို့က တစ်သက်တာဆုပေးတဲ့အပေါ် ဝမ်းသာပါတယ်။ စာပေဗိမာန်က တစ်သက်တာ စာပေဆုတွေ၊ စာအုပ်စာပေဆုတွေ ဆုချီးမြှင့်ပေးနေတာက စာအုပ်ကောင်းတွေထွက်လာအောင် အားပေးနေတာ ဖြစ်တဲ့အတွက် အင်မတန်အကျိုးကြီးပါတယ်။ ဆရာ့အနေနဲ့ ဝမ်းသာပါတယ်၊ ဒီလိုပဲ စာပေဗိမာန်ကနေပြီးတော့ တစ်သက်တာ စာပေဆုတွေ စာအုပ်စာမူဆုတွေ ဆုချီးမြှင့်ပေးနေတာက စာအုပ်ကောင်းတွေ ထွက်လာအောင်လုပ်တဲ့ သဘောပဲ အင်မတန်အကျိုးရှိပါတယ်။ ဆရာတို့ကို တစ်သက်တာဆု ပေးလိုက်တဲ့ အခါကျတော့ အလွန်ဝမ်းသာပါတယ်။ အင်မတန်မှလည်း ကျေးဇူးတင်ပါတယ်။ ဂုဏ်ယူပါတယ်။ အခုန ဆရာပြောသလိုပဲ စာအုပ်စာပေဆိုတာ လူ့မိတ်ဆွေတင် မဟုတ်ပါဘူး။ သူက တကယ် ပညာဘဏ္ဍာတိုက်ကြီးပါ။ လောကီပညာရော လောကုတ္တရာရော ပညာဘဏ္ဍာတိုက်ကြီးပါ။ ဒါက တစ်ခါတည်း ပြည်သူတွေ အားလုံး သုံးဆောင်နိုင်အောင်ဆိုပြီး ဆရာတို့က သိထားတဲ့ဟာလောက်ကို စာအုပ်တွေ ရေးပြီးတော့ ချန်လှပ်ခဲ့တယ်။ ချန်လှပ်ခဲ့ပေးတယ်ဆိုတော့ ဒီလိုကျမ်းစာအုပ်တွေ ရှိတဲ့အတွက်ကြောင့်မို့လို့



**စာပေပညာရှင်ဆရာကြီး**
**ဒေါက်တာမင်းတင်မွန် (ပါရဂူမင်းနန္ဒာ)**

ဘုရားဟောလိုက်တဲ့ တရားတော်က အခုဆိုရင် နှစ်ပေါင်း ၂၆၀၀ ရှိနေပါပြီ။ ဒါပေမယ့် ဘုရားရဲ့တရားတော်က ဘုရားဟောတဲ့ အတိုင်းပဲ အားလုံးက အပြည့်အစုံ ရှိနေတုန်းပဲ။ ဒီလိုရှိတာလည်း စာအုပ်စာပေရဲ့ အကျိုးကျေးဇူးကြောင့်ပဲ ဖြစ်ပါတယ်။ ဆရာတို့လည်းပဲ အခုလို တစ်သက်တာ စာပေဆုကို ချီးမြှင့်လိုက်တဲ့ အခါကျတော့ ဆရာတို့ စာအုပ်စာပေတွေကိုလည်းပဲ ဖတ်ရှုတဲ့သူတွေကနေပြီးတော့ ပိုပြီးတော့ စိတ်ဝင်စားလာတယ်။ ပိုပြီးတော့လည်း လေးစားလာကြတယ်။ လေးစားလာကြတော့ သူတို့ကဖတ်ရှုကြမယ်။ ဖတ်ရှုကြမယ်ဆိုတော့ကာ ဖတ်ရှုတဲ့ အခါကျတော့လည်းပဲ သူတို့မှာပညာတွေကို ဆရာတို့ သင်ပေးသလိုပဲ ရသွားတာပါပဲ" ဟု ပြောသည်။

ဒေါက်တာမင်းတင်မွန်ကို ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနတွင် အချိန်ပိုင်းသရုပ်ပြဆရာအဖြစ် ခန့်ထားခြင်းခံရသည့်အပြင် နိုင်ငံခြားပညာတော်သင်ဆုကိုလည်း ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနတွင် လက်ထောက်ကထိကအဖြစ် ခန့်ထားခြင်းခံရသည်။

၁၉၈၆ ခုနှစ်မှစ၍ ၁၉၈၈ ခုနှစ်အထိ မော်လမြိုင်တက္ကသိုလ် ဓာတုဗေဒဌာနမှူးနှင့် တွဲဖက်ပါမောက္ခ၊ ထို့နောက် ကထိကတာဝန်တို့ကို ၁၉၉၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် တက္ကသိုလ်များ၌ ၃၆ နှစ်ခွဲ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးသည့်နောက် အငြိမ်းစားယူခဲ့သည်။ ၁၉၉၃ ခုနှစ် ဇွန် ၁ ရက်မှ ၂၀၀၈ ခုနှစ် ဇွန် ၁ ရက်အထိ သာသနာရေးဝန်ကြီးဌာန အကြံပေး ပုဂ္ဂိုလ်နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ပါမောက္ခအဖြစ် သင်ကြားပို့ချသည်။ ဒေါက်တာမင်းတင်မွန်သည် ၁၉၈၃ ခုနှစ်တွင် သဒ္ဓမ္မဇောတိကဓဇဘွဲ့၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ ၂၀၀၅ ခုနှစ်တွင် ဓမ္မဗိမာန် တစ်သက်တာစာပေဆု ချီးမြှင့်ခံရသည်။ ယခုအခါ ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ခံရသည်။ ဒေါက်တာမင်းတင်မွန်သည် ရန်ကုန်မြို့ ဒဂုံမြို့နယ်တွင် မိသားစုနှင့် နေထိုင်လျက်ရှိသည်။

**စာပေပညာရှင်ဆရာကြီး ဦးညွန့်တင်**
**(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)**

"ကျွန်တော့်အနေနဲ့ ဆုရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ စာပေဖြတ်သန်းမှုက ၁၉၆၃ ခုနှစ်မှာ ကြို့ပင်ကောက် အောင်လံမှာ မောင်ညိမ်းဝေဆိုတဲ့ ကလောင်အမည်နဲ့ တောခလေ့ကဗျာနဲ့စာပေလောကကို အခြေချခဲ့တာဖြစ်ပါတယ်။ လူငယ်များရဲ့စာပေအပေါ် စိတ်ဝင်စားမှုရှခဲ့ပါတယ်။ စာပေဖြတ်သန်းမှုအရဆိုရင်တော့ အမျိုးသားစာပေတစ်သက်တာဆုကို သတ်မှတ်ထားတဲ့စံ ရှိပါတယ်။ အဲဒါဘာလဲဆိုတော့ စာရေးတဲ့ နှစ်ပေါင်း ၄၀၊ အသက် ၆၀ ရှိရမယ်။ ကျွန်တော်က စာရေးသက် ၆၀ ကျော်ပါပြီ။ နောက်စာပေ တာဝန်ထမ်းဆောင်တာ အသက်ကတော့ ဒီဇင်ဘာ ၂ ရက်ဆိုရင် ၇၇ နှစ်ရှိပါပြီ။ လူငယ်တွေစာဖတ်ဖို့ထက် ဖုန်းကိုပဲကြည့်နေလို့ ဖုန်းထဲက ကောင်းမွေဆိုးမွေရှိသလို စာပေဆိုးမွေကောင်းမွေတွေကို ခွဲခြားသိဖို့ စာကောင်းပေကောင်းတွေကို ဖတ်ဖို့လိုပါတယ်။ ခွန်အားရှိတဲ့စာတွေဖတ်ပါ။ အကျိုးရှိတဲ့စာတွေ ဖတ်ဖို့လိုပါတယ်။ လူငယ်တွေ စာမဖတ်ခြင်းအားဖြင့် အကျိုးယုတ်တယ်၊ နိုင်ငံလည်းဆုတ်ယုတ်တယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်လုပ်ခဲ့တဲ့ ဦးသန့်က တိုးတက်တဲ့ လူတိုင်းက စာဖတ်ကြတယ်၊ စာဖတ်တဲ့ လူတိုင်းက တိုးတက်ကြတယ်လို့ အဆိုရှိပါတယ်" ဟု ပြောသည်။ ဦးညွန့်တင် (မောင်ငြိမ်းသူ – ကြို့ပင်ကောက်) သည် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ရွှေပန်းတောကျေးရွာ၌ (အဖ)ဦးတင်ရွှေ၊ (အမိ)ဒေါ်လှပိုင်းတို့က ၁၉၄၇ ဒီဇင်ဘာ ၂ ရက်တွင် မွေးဖွားခဲ့သည်။ "ပျိုဖော်ဝင်အရွယ်လူငယ်များ၏ စာပေအပေါ် စိတ်ဝင်စားမှု ဘွဲ့ယူစာတမ်း"ဖြင့် စိတ်ပညာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်က ရပ်ရှင်အောင်လံမဂ္ဂဇင်းတွင်



**စာပေပညာရှင်ဆရာကြီး ဦးညွန့်တင်**
**(မောင်ငြိမ်းသူ – ကြို့ပင်ကောက်)**

"မောင်နှင်းဝေ" ဟူသော ကလောင်အမည်ဖြင့်ရေးသားခဲ့သော "တောခလေ့"ကဗျာဖြင့် စာပေလောကထဲသို့ ဝင်ရောက်ခဲ့သည်။ စာရေးသက် နှစ် ၆၀ ကျော်ရှိသည်။ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ မျိုးငယ်ကျော်၊ ဂမ္ဘီရဆရာငြိမ်း၊ နေသွေးကို၊ သူရိန်ညွန့်တင်၊ မောင်မောင်ထူးခြား၊ ကိုကြီးထူး၊ အယ်ဒီတာတစ်ဦးအပြင် အခြားကလောင်အမည်များဖြင့် စာနယ်ဇင်းမျိုးစုံတွင် ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ စာညွန့်၊ ပြဇာတ်၊ ဘဝကြေးမုံ ဇာတ်လမ်းစုံနှင့် အသံလွှင့်ဇာတ်ညွှန်းများ ရေးသားခဲ့သည်။ လုံးချင်း ၁၅ အုပ် ရေးသားထုတ်ဝေခဲ့သည့်အပြင် မဂ္ဂဇင်းဝတ္ထုရှည် ၇၀ ကျော်၊ ဝတ္ထုတို ၅၀၀ ကျော်၊ ဆောင်းပါးအပုဒ်ရေ ၈၀၀၀ ကျော် ရေးသားခဲ့သည်။ သတင်းများစွာလည်း ရေးသားခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသော ဆောင်းပါးပြိုင်ပွဲ၌ "မော်ကွန်းဝင်ပြီ ကြက်ခြေနီ" ဟူသော ဆောင်းပါးဖြင့် တစ်ပြည်လုံးအကြီးတန်းအဆင့်(ဒုတိယ)ဆု၊ (၄၈)နှစ်မြောက် တပ်မတော်နေ့ ဆောင်းပါးပြိုင်ပွဲတွင် (အထူးဆု)၊ ၂၀၂၂ ခုနှစ် မြဝတီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံး ဝတ္ထုရှည်ဆုနှင့် ၁၉၈၆ ခုနှစ်၊ အမျိုးသားစာပေဆု (လူငယ်စာပေဆု) (ရသစာပေဆု) ကို "မြအဖူးတွေ သစ်သစ်ဝေနှင့် လူငယ်ဝတ္ထုတိုများ"စာအုပ်ဖြင့် ရရှိခဲ့သည်။ စာပေတာဝန်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်တွင် စာပေလုပ်သားအဖွဲ့အတွင်းရေးမှူး၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တွင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ သုံးကြိမ် ၁၂ နှစ် တာဝန်များကိုထမ်းဆောင်ခဲ့ပြီး ဗဟိုစာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင်ကော်မတီဝင်နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး(၁) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ရန်ကုန်မြို့ အမေနေ့စာပေပြိုင်ပွဲ၊ ဝါမိုးအောင် ဝတ္ထုတိုပြိုင်ပွဲ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီ စာပေပြိုင်ပွဲ၊ ကျေးဇူးကြီးလှ မိနှင့်ဖ ဝတ္ထုတိုပြိုင်ပွဲ၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေး စာပေပြိုင်ပွဲ၊ ပခုက္ကူဦးအုံးဖေစာပေဆု၊ ဂျပန်ရှန်တီနှင့် မြန်မာစာရေးဆရာအသင်း ပူးတွဲကျင်းပသည့် ကလေးစာပေပြိုင်ပွဲနှင့်စာပေဗိမာန်စာမူဆု၊ အမျိုးသားစာပေဆုပေးပွဲများတွင် ဆုရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ရွှေသမင်မဂ္ဂဇင်း၊ မှူခင်းရှုထောင့်ရသစုံမဂ္ဂဇင်း၊ မှူခင်းရှုထောင့်ဂျာနယ်၊ မှူခင်းမြင်ကွင်းဂျာနယ်၊ ထူးခြားဂျာနယ်၊ ဂမ္ဘီရမြင်ကွင်းဂျာနယ်၊ ပဲခူးတိုင်းဒေသကြီး သတင်းမြင်ကွင်းဂျာနယ်၊ လွှတ်တော်မှတ်တမ်း၊ မြို့နယ်များနှင့် အဖွဲ့အစည်းများမှအပ်နှံသော မဂ္ဂဇင်းများတွင် အယ်ဒီတာချုပ်၊ ဒုတိယအယ်ဒီတာချုပ်၊ တာဝန်ခံအယ်ဒီတာ၊ အမှုဆောင်အယ်ဒီတာနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် တာဝန်များကို ဆောင်ရွက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ ဖွင့်လှစ်ခဲ့သော "စာပေဖန်တီးရေးသားမှုနှင့် တည်းဖြတ်မှုအတတ်ပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်း" တွင် အချိန်ပိုင်း ပို့ချခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီ အတွင်းရေးမှူး ၁၀ နှစ်ကျော်နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအမှုဆောင်ကော်မတီဝင် အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေး ကော်မတီဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပခုက္ကူဦးအုံးဖေစာပေဆုနှင့် ဌာနဆိုင်ရာ အထိမ်းအမှတ် စာပေဆုများအတွက် ဆုရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေဆဲဖြစ်သည်။ နိုင်ငံတကာလေ့လာရေး ခရီးစဉ်နှင့်ပတ်သက်၍ ကမ္ဘောဒီးယား၊ ထိုင်း၊ စင်ကာပူ၊ တရုတ် (ယူနန်ပြည်နယ်)၊ အိန္ဒိယ၊ နီပေါ၊ ဗီယက်နမ်နိုင်ငံများသို့ သွားရောက်လေ့လာခဲ့သည်။

**အာကာလင်း၊ ဓာတ်ပုံ-တင်စိုး**

---

## ပဲခူးမြို့နယ်၌ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုး မြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ပဲခူး နိုဝင်ဘာ ၂၃**

ပဲခူးမြို့နယ် သစ်တောဦးစီးဌာနက နိုဝင်ဘာ ၂၁ ရက်တွင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ (မြို့နယ်အဆင့်) ကို ပဲခူးမြို့နယ် ဘုရားကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ဘုရားကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကိုကိုအောင်က အမှာစကားပြောကြားကာ မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွန်းက ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပေးပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးကာ မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ သဘာဝဘေးအန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပြီး ကျောင်းသုံးဗလာစာအုပ်များနှင့် ဘောပင်များအား ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းသည်။

အသိပညာပေးဟောပြောပွဲသို့ ဘုရားကြီးမြို့ မြို့အုပ်ချုပ်ရေးမှူးနှင့်ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဘုရားကြီးမြို့အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နှင့် ဒုံဟီးမြို့ရှိ ဒေသခံတိုင်းရင်းသားများ၊ မြို့မိ မြို့ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ နိုဝင်ဘာ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် နိုဝင်ဘာ ၂၁ ရက်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နာဂဒေသအတွင်းရှိ ဒေသခံပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ MSMEs လုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ပေးနေမှုနှင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအတွက် အလေးအနက်ထားကာ ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက မြို့၏ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူများ စားရေရိက္ခာဖူလုံရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် နန်းယွန်းမြို့ရှိ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများက မြို့ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလိုမှုအခြေအနေများနှင့် ပတ်သက်၍ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ



စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နန်းယွန်းမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက နန်းယွန်းမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက နန်းယွန်းမြို့ရှိ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အား ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးက ဒေသခံတောင်သူများအတွက် ကိုယ်စားလှယ်တစ်ဦးထံ ကော်ဖီ၊ လိမ္မော်ပျိုးပင်များနှင့် ရွက်ဖျန်းအားဆေးများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နန်းယွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း နန်းယွန်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် လက်တွန်းထွန်စက်များနှင့် မျိုးစေ့ချကိရိယာများ ရောက်ရှိနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ နန်းယွန်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးထံ ဆရာဝန်/သူနာပြုများအတွက် ထောက်ပံ့ငွေများပေးအပ်ပြီး ဒေသခံတိုင်းရင်းသားများ ဆေးကုသနေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးကာ တာဝန်ရှိသူများနှင့်အတူ အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိုးတွင်းကာလအတွင်း မိုးရေကြီးမှုကြောင့် နန်းယွန်း-ရှင်ဘွေယန်ကားလမ်းမ တိုင်းယောင်းချောင်းပေါ်ရှိ အလျား ပေ ၃၀၀၊ အနံ ၁၈ ပေရှိသံပေါင်ဘေလီတံတား ပျက်စီးမှုအခြေအနေများကိုလည်းကောင်း၊ နန်းယွန်းမြို့ တိုင်းယောင်းချောင်းပေါ်ရှိ မြို့မရပ်ကွက်နှင့် ရောကော့ရပ်ကွက်ကြားရှိ အရှည်ပေ ၂၂၀၊ အကျယ် ခြောက်ပေရှိ ကြိုးတံတားပျက်စီးမှုများကို လည်းကောင်း၊ နန်းယွန်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးအဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့သည့် အရှည်ပေ ၁၆၀၊ အကျယ် ၁၇ ပေရှိ သံပေါင်ဘေလီတံတား ပျက်စီးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မိုးရွာသွန်းမှုကြောင့် ပျက်စီးခဲ့သည့် လဟယ်-ရောင်ကွန်-ဒုံဟီး-နန်းယွန်းလမ်းပေါ်ရှိ အရှည်ပေ ၂၀၊ အကျယ် ၁၂ ပေရှိ သစ်သားတံတားနှင့် အရှည်ပေ ၃၀၊ အကျယ် ၁၄ ပေရှိ သံပေါင်ဘေလီပျက်စီးနေမှုများနှင့် တောင်ပြိုကျမှုကြောင့် ကားလမ်းအရှည်ပေ ၅၀၀ ခန့် ပျက်စီးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒုံဟီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ မောင်မယ်သစ်လွင်ကြိုဆို

**သထုံ နိုဝင်ဘာ ၂၃**
မွန်ပြည်နယ် သထုံမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ် (သထုံ)၌ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီး တက္ကသိုလ်ဝင်ခွင့်ရရှိခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက်က ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ ကျင်းပသည်။



အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင့်သီတာဇော်က ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ သင်ကြားသင်ယူမှုစနစ်များ၊ သင်ကြားရေးဌာနများ စသည်တို့ကို ရှင်းလင်း၍ ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားပြီးတက္ကသိုလ်ပညာရေးအဖွဲ့နှင့် မိတ်ဆက်ပေးကာ ပထမနှစ်(ပထမနှစ်ဝက်)၌ သင်ကြားပေးကြမည့် ဘာသာရပ်သင်ဆရာ ဆရာမများက ဘာသာရပ်အလိုက် တစ်ဦးချင်း မိတ်ဆက်ပေးခဲ့ကြသည်။

ကွန်ပျူတာတက္ကသိုလ် (သထုံ)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပထမနှစ်မှ ပဉ္စမနှစ်အထိ သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၆၀ ခန့် အေးချမ်းစွာ တက်ရောက်လျက်ရှိပြီး ဆရာ ဆရာမ ၃၈ ဦးတို့က သင်ကြားပေးလျက်ရှိသည်။

အဆိုပါနေ့တွင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်သို့ ဝင်ခွင့်ရရှိခဲ့ကြသည့် မောင်မယ်သစ်လွင် ၁၁၉ ဦးတို့အား ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## အမျိုးသမီးများအား တရားမဝင်လူကုန်ကူးမှု၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၃**
ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အမျိုးသမီးများအား တရားမဝင်လူကုန်ကူးမှု၊ သက်ငယ်မုဒိမ်းမှု၊ သွေးဆောင်ဖြားယောင်းခိုးယူမှုများမှ ကာကွယ်စောင့်ရှောက်ရန် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ သဃ်န်းကျွန်းခရိုင် ပညာရေးမှူးဒေါ်စုစုခင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ သဃ်န်းကျွန်းခရိုင် ရဲတပ်ဖွဲ့မှ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ကောင်းနိုင်က အမျိုးသမီးများအား တရားမဝင်လူကုန်ကူးမှု၊ သွေးဆောင်ဖြားယောင်းခိုးယူမှုများမှ ကာကွယ်ရေးအသိပညာပေးဟောပြောခြင်း၊ ခရိုင်ဥပဒေအရာရှိ ဦးချမ်းသာက သက်ငယ်မုဒိမ်းမှုမှ ကာကွယ်စောင့်ရှောက်ရန် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**လှလှထွေး (ပြန်/ဆက်)**

## အင်္ဂပူမြို့နယ်၌ ကျောင်းအခြေပြု ကာကွယ်ဆေးများထိုးနှံပေး

**အင်္ဂပူ နိုဝင်ဘာ ၂၃**
ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေးနှင့် ဆုံဆို့၊ မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို နိုဝင်ဘာ ၂၀ ရက်က အမကမြို့မ (မြောက်)နှင့် အမကမြို့မကျောင်းတို့တွင် ပြုလုပ်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ အေးပပစိုးရီ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက အသက် ငါးနှစ်ပြည့်ပြီး ခုနစ်နှစ် မကျော်သော KG ကျောင်းသား ကျောင်းသူများအား ကျောင်းအခြေပြု ဆုံဆို့၊ မေးခိုင် ကာကွယ်ဆေး ထိုးနှံခြင်းနှင့် အသက် ကိုးနှစ်ပြည့်ပြီး ၁၀ နှစ် မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာ ရောဂါ



ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီး ဆုံဆို့၊ မေးခိုင်ရောဂါ ကာကွယ်ဆေးကို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၃၀ နှင့် သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေးကို ကျောင်းသူ ၄၀၁ ဦးတို့အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# တရားမဝင် သစ်မျိုးစုံ၊ သတ္တုများ၊ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၂၅ လုံးအတွင်းမှ ပို့ကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် ခနောက်စိမ်းဟု ယူဆရသော သတ္တု ၅၉၃၅၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၆၈၇၈၅၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စိန်ဟုယူဆရသော အဖြူရောင်ကျောက်တစ်မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၆၃၈၆၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၆၈၅၁၇၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် လပွတ္တာခရိုင်နှင့် ဖျာပုံခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၁၂၄ ဒသမ ၄၄၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၇၄၉၄၆)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ပုသိမ်ခရိုင်၊ ဖျာပုံခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်နှင့် ဟင်္သာတခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ် ၁၀ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၄၇၄၉၄၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နိုဝင်ဘာ ၂၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် အေးရိပ်ငြိမ်ရပ်ကွက် ရေခဲစက်လမ်းထိပ်ရှိ ဒေသငါးဖမ်းလှေဆိပ်တွင် စုပုံထားသည့် အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ် ပေါင်းကူးညဏကျေးရွာရှိ သိုလှောင်ရုံတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၄၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကို လည်းကောင်း၊ စစ်ကိုင်း – မန္တလေးလမ်း မြစ်ငယ်တိုးဂိတ်အနီး၌ မော်တော်ယာဉ်ခုနစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၆၁၃၈၀၀၀) အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Tractor Head နှစ်စီး၊ Dong Feng Tractor Head နှစ်စီး၊ Howo Tractor Head တစ်စီး၊ Nissan Tractor Head တစ်စီး၊ Chen Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်ခုနစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၇၀၀၀၀၀၀) ကိုလည်းကောင်း၊ မြစ်ငယ် Dry Port ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၁၈ ဒသမ ၉၅၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၃၃၃၄၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် KIA Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၁၇၂၆၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောင်ပန်းမြို့ လွယ်မွန်းကျေးရွာအနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၉၄၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Hino Profia Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၉၄၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၇ မှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၇၁၉၇၀၅၆ ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် နိုင်ငံတော်မှ အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ထားသော ခနောက်စိမ်းသတ္တုများ ဖမ်းဆီးရမိခဲ့သည့်အပြင် တရားမဝင်တင်သွင်းမှုများကြောင့်လည်း နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝမရရှိဘဲ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ငူမြို့နယ် နတ်စင်ကုန်း အခြေခံပညာအထက်တန်းကျောင်း၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**တောင်ငူ နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် နတ်စင်ကုန်း အခြေခံပညာ အထက်တန်းကျောင်း၌ မီးခိုးမြူငွေ့ လျှော့ချရေးနှင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက်က ကျင်းပသည်။



ရှေးဦးစွာ နတ်စင်ကုန်း အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိ ဗိုလ်မှူးနိုင်မျိုးက အမှာစကားပြောကြားပြီး တောင်ငူမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ရဲဝင်းက ရာသီဥတုပြောင်းလဲခြင်းနှင့် ၎င်း၏ အကျိုးဆက်များ၊ ကမ္ဘာနှင့် မြန်မာနိုင်ငံ၏ သစ်တောသယံဇာတများပျံ့နှံ့မှု၊ သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများ၊ ဒီရေသစ်တောများအကြောင်း၊ မှန်လုံအိမ်ဓာတ်ငွေ့များ၊ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု များပြားလာခြင်း၊ ရာသီဥတု ပြောင်းလဲခြင်းကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် မီးခိုးမြူငွေ့ ဖြစ်ပေါ်ရသည့် အကြောင်းရင်း၊ မီးခိုးမြူငွေ့ လျှော့ချရေးနှင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာများကို အသိပညာပေး ဟောပြောဆွေးနွေးသည်။

**ဇော်ကိုကို(တောင်ငူ)**

# နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား(အခမဲ့)ကျန်းမာရေးစောင့်ရှောက်ပေးပြီး အခြေခံစားသောက်ကုန်များကို ဈေးသက်သာစွာ ရောင်းချပေး

**ကန်ကြီးထောင့် နိုဝင်ဘာ ၂၃**

ကန်ကြီးထောင့် မြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်မှ မြို့နယ်အတွင်း နိုင်ငံ့ဝန်ထမ်း ပင်စင်စားများအား (အခမဲ့) ကျန်းမာရေးစောင့်ရှောက် ပေးခြင်းများနှင့် အခြေခံ စားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းကို နိုဝင်ဘာ ၂၁ ရက်က ကန်ကြီးထောင့်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မာလွင်နှင့်အဖွဲ့မှ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူကြသော နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား ဆေးဝါးများ ထောက်ပံ့ပေးခြင်းနှင့် ဆေးဝါးကုသမှုများကို ဆောင်ရွက်ပေးခဲ့ပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများမှ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား အခြေခံစားသောက်ကုန်များဖြစ်သည့် ဆီနှင့် ဆန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

✻ *ကျောက်ဖြူ*

ဦးစွာ ကန်တော်ကြီးကန်ပတ်လမ်း၊ တင့်ကားကုန်းဝင်ပေါက်တွင် စုရပ်ပြုလုပ်၍ ပြိုင်ပွဲအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက သေနတ်ပစ်ဖောက် စတင်တာလွှတ်ပေးရာ ပြိုင်ပွဲဝင်အားကစားသမားများက စုရပ်မှတာထွက်၍ ကမ္ဘာအေးဘုရားလမ်း–နတ်မောက်လမ်း – စက်ရုံလမ်းမှ တင့်ကားကုန်းဝင်ပေါက်တာထွက်ရာ စုရပ်သို့သတ်မှတ်ထားပြီး ထိုလမ်းကြောင်းအတိုင်း ကန်တော်ကြီးအား ငါးခေါက်ပတ်၍ တာထွက်ရာစုရပ်သို့ ပန်းပြန်ဝင်ကြသည်။

ပြိုင်ပွဲတွင် အမျိုးသားအားကစားသမား ၁၇၇ ဦး၊ အမျိုးသမီး ခြောက်ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆုမှ တတိယဆုရရှိသော အားကစားသမားများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ အမှတ်စဉ် (၄) မှ (၁၀) ထိ ဆုရရှိသော အားကစားသမားများကို တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများကလည်းကောင်း၊ ပြိုင်ပွဲဝင် ပန်းဝင်ကြသူများအား တာဝန်ရှိသူများကလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

❍ *ကျောက်ဖြူ*

"ရေကျော် ပွဲဈေးကတော့ လူတွေ ကြိတ်ကြိတ်တိုးနေတယ်။ မနေ့က စဖွင့်တဲ့နေ့မှာတင် ကြိတ်ကြိတ်တိုး စည်ကားနေတာ။ အန်တီတို့က ပွဲဈေးတွေမှာ ဈေးလိုက်ရောင်းတာ။ အန်တီတို့ ဈေးရောင်းတာဆို သုံးပွဲ၊ လေးပွဲလောက်ရှိတဲ့အထဲမှာ ရေကျော်ပွဲဈေးကတော့ အစည်ကားဆုံးနဲ့ ဈေးအရောင်းရဆုံးပွဲပေါ့။ မနေ့ကတင် အကြော်စုံရောင်းတာ သိန်း ဆယ်ဂဏန်းလောက်အထိ ရောင်းရတယ်"ဟု ရေကျော်ပွဲဈေးတွင် အကြော်စုံရောင်းချနေသူ တစ်ဦးက ပြောသည်။ ရေကျော်ပွဲဈေးကို ကိုဗစ်ကာလမတိုင်မီ ၂၀၁၉ ခုနှစ်က နောက်ဆုံး ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခု ၂၀၂၄ ခုနှစ်တွင် ပြန်လည် ကျင်းပခြင်းဖြစ်သည်။ ရေကျော်ပွဲဈေးကို နှစ်စဉ် သီတင်းကျွတ်ကာလတွင် ကျင်းပလေ့ရှိပြီး အလွန်စည်ကားသည့် ပွဲဈေးတစ်ခုဖြစ်သည်။ **MT**

# ဘီးလင်းမြို့ အထက (ဘီးလင်း) ၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းပြုလုပ်

**ဘီးလင်း နိုဝင်ဘာ ၂၃**
မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၂၁ ရက်က အထက(ဘီးလင်း) ပညာအားမာန်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် အထက (ဘီးလင်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးဌေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ချိုဝင်းက ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားလာစေရန်၊ အချင်းချင်း အပြန်အလှန် ဆွေးနွေးတတ်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များဖြစ်လာစေရန် လူငယ်စကားဝိုင်းများကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက “ရည်မှန်းချက်မှသည် အောင်မြင်မှုပန်းတိုင်ဆီသို့”၊ “လူငယ်နဲ့ပေါင်းသင်းဆက်ဆံရေး”၊ “လူငယ်နဲ့ရက်စိတ်”၊ “လူငယ်နဲ့တန်ဖိုး”၊ “လူငယ်နဲ့အမှိုက်” စသည့်ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးသည်။

ယင်းနောက်တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြရာ စကားဝိုင်း ပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြသည်။

ထို့နောက် ခင်းကျင်းပြသထားသည့် သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ လေ့လာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



မွန်ပြည်နယ် ကျိုက်မရောမြို့ အထရံရပ်ကွက် ဘိန်းဗျောဈေး၊ ပိန်းနဲကုန်းကျေးရွာရှိ အောင်ရတနာဈေး၊ မြို့မဈေးကြီးတို့၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်သောင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင် ကိုးဦး၊ ဈေးကော်မတီဝင်များနှင့် အုပ်ချုပ်ရေးမှူးများ နိုဝင်ဘာ ၂၂ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဈေးဆိုင်များအတွင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ၊ မီးသတ်ဆေးဘူး အသုံးပြုပုံအဆင့်ဆင့်နှင့် မီးငြိမ်းသတ်နည်းသရုပ်ပြခြင်းများကို လက်တွေ့ဆောင်ရွက်စဉ်။

ချိုမြတ်မြတ်ထွေး(ကျိုက်မရော)

# မြောင်းမြမြို့၌ မီးခိုး/မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ မြို့နယ်အဆင့်အသိပညာပေးဟောပြောပွဲကျင်းပ



**မြောင်းမြ နိုဝင်ဘာ ၂၃**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ သစ်တောဦးစီးဌာနမှ မီးခိုးမြူငွေ့ လျှော့ချရေးနှင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ မြို့နယ်အဆင့် အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက်က ကညင်ကုန်းကျေးရွာအုပ်စု တောင်ပေါ်စုကျေးရွာ အ.ထ.က ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်အောင်ဌေးက “မီးခိုးမြူငွေ့ လျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့နည်းသက်သာစေရေး” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တောအုပ်ကြီး ဦးသန်းနိုင်က “သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်လျှော့နည်းစေရေး”ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဟောပြော ဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများက သိလိုသည်များကို ပြန်လည်မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

# မှော်ဘီမြို့နယ်၌ သင်ထောက်ကူပြု မော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အသိပညာပေးဆွေးနွေး

**မှော်ဘီ နိုဝင်ဘာ ၂၃**
မှော်ဘီမြို့နယ်ရှိ Henda(Myanmar) Apparel Co.,Ltd အထည်ချုပ်စက်ရုံ၊ General Textile (Myanmar) Apparel Co.,Ltd ဖိနပ်စက်ရုံ၊ Dong Rong Myanmar Garment အထည်ချုပ်စက်ရုံနှင့် Bolly HongKong ဖိနပ်စက်ရုံများသို့ Mobile Training Bus ဖြင့် သွားရောက်၍ ယမန်နေ့နံနက်ပိုင်းက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် အလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန မှော်ဘီမြို့နယ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည့်ဖြိုးအောင်က ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေ၊ ၁၉၇၁ခုနှစ် အလုပ်ရုံ (သူနာပြုရေးဆိုင်ရာ) ညွှန်ကြားချက်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ဦးစီးအရာရှိ ဦးအာကာဝေလွင်က ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ၊ ၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေးဥပဒေနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များကို အသိပညာပေးဆွေးနွေးခဲ့ကြသည်။ **ဝင်းဇော်(မှော်ဘီ)**

# ကွင်းလယ်ကစားသမား ဖာနန်ဒက်ဇ် ခြေစွမ်းပြမှုနှင့်အတူ ချယ်ဆီးက လက်စတာကို အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၁၂) မှ နိုဝင်ဘာ ၂၃ ရက် ည ၇ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် လက်စတာနှင့် ချယ်ဆီးအသင်းပွဲစဉ်တွင် ချယ်ဆီးအသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။



နိုင်ပွဲ ပြန်လည်ရှာတွေ့ရန် ခြေကုန်ထုတ်လာသော လက်စတာအသင်းသည် ချယ်ဆီးအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို ဟန့်တားနိုင်ခြင်းမရှိသည့်အတွက် ရှုံးပွဲထပ်မံကြုံတွေ့ကာ နိုင်ပွဲနှင့် ဆက်လက်ဝေးကွာခဲ့ရသည်။ လက်စတာအသင်းသည် ယခုပွဲစဉ်မတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူအသင်းနှင့်ပွဲစဉ်တွင်လည်း သုံးဂိုးပြတ် ရှုံးနိမ့်ထားသည်။

ယခုပွဲစဉ်တွင် ချယ်ဆီး ကွင်းလယ်ကစားသမား ဖာနန်ဒက်ဇ်အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု တစ်ကြိမ်နှင့် သွင်းဂိုး တစ်ဂိုး ရယူနိုင်ခဲ့သည်။ ပွဲကစားချိန် ၁၅ မိနစ်တွင် ဖာနန်ဒက်ဇ်၏ ဖန်တီးမှုကို တိုက်စစ်ကစားသမား ဂျက်ဆင် အဆုံးသတ်သွင်းယူနိုင်ခဲ့သည့်အတွက် ချယ်ဆီးအသင်းက ဦးဆောင်ဂိုးရရှိခဲ့သည်။ လက်စတာအသင်းသည် ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် လူစားပြောင်းလဲမှုများ ပြုလုပ်ကာ ချေပဂိုးရရှိရေး ကြိုးစားလာသော်လည်း ပြိုင်ဘက်အသင်း ခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်းမရှိသည့်အတွက် သွင်းဂိုး ရရှိရေး အခက်တွေ့ခဲ့ရသည်။

ချယ်ဆီး အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲကစားချိန် ၇၅ မိနစ်တွင် ဖာနန်ဒက်ဇ်က သွင်းယူပေးခဲ့သည်။ လက်စတာအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ပယ်နယ်တီမှတစ်ဆင့် ဂျော်ဒန်အယူးက သွင်းယူပေးခဲ့သည်။

ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ချယ်ဆီးအသင်းသည် ပရီမီယာလိဂ် ၁၂ ပွဲကစားပြီး ရမှတ် ၂၂ မှတ်အထိ စုဆောင်းရရှိလာပြီဖြစ်သည်။ ပြိုင်ဘက်လက်စတာအသင်းက ရမှတ် ၁၀ မှတ်သာ စုဆောင်းထားနိုင်ပြီး တန်းဆင်းဇုန်အသင်းနှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေသောကြောင့် လက်ကျန်ပွဲစဉ်များတွင် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်း အားထုတ်ရတော့မည်ဖြစ်သည်။

**အောင်ဇော်**

# MNL ပြိုင်ပွဲတွင် ရောဝတီယူနိုက်တက် ဂိုးပြတ်အနိုင်ရပြီး အား/ကာသိပ္ပံအသင်း ဂိုးပြတ်နိုင်

**ရန်ကုန် နိုဝင်ဘာ ၂၃**
၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄) ဒုတိယနေ့ကို နိုဝင်ဘာ ၂၃ ရက်က ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံနှင့် ရောဝတီယူနိုက်တက် အသင်း အမှတ်ပြည့်ရရှိသည်။

ပုသိမ်ကွင်း၌ ကျင်းပသည့် ပွဲတွင် ရောဝတီယူနိုက်တက် အသင်းက မဟာယူနိုက်တက် အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ဦးဆောင်ဂိုးသွင်းယူ**

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ၃၉ မိနစ်တွင် သက်နိုင်က မဟာယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ပထမပိုင်းတွင် အရေးနိမ့်နေသည့် ရောဝတီယူနိုက်တက် အသင်းသည် ဒုတိယပိုင်းအစတွင် ပယ်နယ်တီ နှစ်ကြိမ်ရခဲ့သဖြင့် ချေပဂိုးနှင့် ဦးဆောင်ဂိုးပြန်ရခဲ့သည်။ ရောဝတီယူနိုက်တက် အသင်းအတွက် ရာဇာအောင်က ၅၀၊ ၅၁ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် နှစ်ဂိုးပြန်သွင်းပြီး တတိယဂိုးကို ၈၄ မိနစ်တွင် အောင်ပြည့်ဖြိုးက သွင်းယူခဲ့သည်။

**ဂိုးပြတ်နိုင်ပွဲရယူ**

သုဝဏ္ဏကွင်း၌ ကျင်းပသည့် ပွဲတွင် အား/ကာသိပ္ပံအသင်းက Dagon Port အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ပြီး တိုက်စစ်မှူး သိန်းဇော်သီဟက တစ်ဦးတည်း ငါးဂိုး သွင်းယူခဲ့သည်။ ၁၅ မိနစ်တွင် သိန်းဇော်သီဟက အား/ကာသိပ္ပံအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူသော်လည်း ၂၄ မိနစ်တွင် မိုဂူက Dagon Port အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ Dagon Port အသင်းသည် ချေပဂိုး ပြန်သွင်းနိုင်သော်လည်း နောက်ပိုင်းတွင် အား/ကာသိပ္ပံ တိုက်စစ်ကို မထိန်းချုပ်နိုင်ဘဲ ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုး ထပ်မံသွင်းယူခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၂၇၊ ၄၂၊ ၄၈၊ ၆၅ မိနစ်တွင် သိန်းဇော်သီဟ၊ ၅၁ မိနစ်တွင် သန်းတိုးအောင်၊ ၈၄ မိနစ်တွင် စိုးလင်းအောင်တို့က သွင်းယူခဲ့သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-MNL**




ရောဝတီယူနိုက်တက်နှင့် မဟာယူနိုက်တက် ယှဉ်ပြိုင်နေစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး(၂)(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး(၅၀)နေရာများအတွက် လျှောက်ထားနိုင်ရန်ခေါ်ယူခြင်းဖြစ်ပါသည်။

၂။ ရွေးချယ်ခြင်းခံရသူများအား (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)တွင် ကနဦးလစာကျပ်၂၁၆၀၀၀/-ဖြင့်စတင်ခန့်ထားပါမည်။ရွေးချယ်ခြင်းခံရသူများသည် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသရုံးများ)တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ရမည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနည်းဆုံးပညာအရည်အချင်းမှာ အောက်ဖော်ပြပါဘွဲ့တစ်ခုခုရရှိသူများဖြစ်ရပါမည်-

(၁) ဝါဏိဇ္ဇဗေဒဘွဲ့ (B.Com)
(၂) စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ) B.Econ (Economics)
(၃) စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ)B.Econ(Statistics)
(၄) စာရင်းကိုင်ပညာဘွဲ့(B.Act)
(၅) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)
(၆) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)
(၇) လူမှုစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာဘွဲ့ (B.BSc) (Social Enterprises Management)
(၈) ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာဘွဲ့(B.BSc)(Regional Development)
(၉) စာရင်းကိုင်ပညာနှင့်ဘဏ္ဍာရေးပညာဘွဲ့(B.BSc)(Accounting & Finance)
(၁၀) ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာဘွဲ့(B.BSc)(Marketing Management)
(၁၁) အသုံးချစာရင်းအင်းပညာဘွဲ့(B.BSc)(Applied Statistics)
(၁၂) စီးပွားရေးရာစီမံခန့်ခွဲမှုဘွဲ့(B.B.M)
(၁၃) BA (English for Porfessional Purposes)
(၁၄) လူဦးရေပညာဘွဲ့ (B.P.S)
(၁၅) ဖွံ့ဖြိုးရေးပညာဘွဲ့(B.Dev.S)
(၁၆) စီးပွားရေးသိပ္ပံဘွဲ့(B.B.Sc)
(၁၇) ဝိဇ္ဇာဘွဲ့(စီးပွားရေးသိပ္ပံ) B.A(BS)
(၁၈) ဝိဇ္ဇာဘွဲ့(စီးပွားရေးပညာ) B.A(Eco)
(၁၉) ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc)
(၂၀) ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech)
(၂၁) သိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ) B.Sc (Computer Science)
(၂၂) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A(English)

(ဂ) ပြင်ပမှ ဝင်ရောက်ဖြေဆိုသူများအနေဖြင့် ၂၄-၁၂-၂၀၂၄ ရက်နေ့တွင် အသက်(၂၈)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၂၄-၁၂-၂၀၂၄ ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်စေရ။ (သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။)

(င) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် ဌာနတွင်းသတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပါက ဝင်ရောက်လျှောက်ထားနိုင်ပါသည်။

(စ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပစ်ခြင်း(Removal) ခံထားရသူများ လျှောက်ထားခွင့်မရှိပါ။

(ဆ) ဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်ထားသည့်စာရွက်စာတမ်းများကို စိစစ်ပြီးပါက သတ်မှတ်ချက်နှင့် ကိုက်ညီသူများသာ နေပြည်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများတွင် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများသည် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းကို ထပ်မံဖြေဆိုရမည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများကို လုံးဝ (လုံးဝ) ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ငွေကျပ် ၁၀၀၀/- ပေးသွင်းရမည်ဖြစ်ပါသည်။ စာမေးပွဲဝင်ကြေးပေးသွင်းသူများသည် နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် MD-010624 သို့ ငွေစာရင်းခေါင်းစဉ် ၃။ ၇။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ "၁။ပစ္စည်းများရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက်ရငွေများ၊ ၀၂။ဆောင်ရွက်ပေးမှုအတွက်ရငွေများ"ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး စာရင်းအမှတ်အောက်ရှိ ကွက်လပ်တွင် "ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စိစစ်ရေးမှူး(၂) ရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း"ဟု ဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။ နယ်မှပေးသွင်းသူများသည် Fax- ငွေလွှဲဖြင့် ပေးပို့နိုင်သည်။

၇။ လျှောက်လွှာတွင် -

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်(အသက်)
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်
(စ) ယခင်က နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းရှိ/ မရှိ၊ ရှိပါက မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်းနှင့် အလုပ်မှနုတ်ထွက်ခဲ့သည့်အကြောင်း
(ဆ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အလုပ်အကိုင်နှင့်ဌာန
(ဇ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ
(ဈ) ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းအမှတ်
(ည) အမြဲတမ်းလိပ်စာအပြည့်အစုံ(မိဘနေရပ်)တို့ကို ဖော်ပြရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပူးတွဲပါရှိရမည်-

(က) ဝင်ကြေးပေးသွင်းသည့်ချလန်(မူရင်း)
(ခ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဂ) ရရှိသည့်ဘွဲ့နှင့် အမှတ်စာရင်းမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
(ဃ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(င) ပတ်စ်ပို့အရွယ်ဓာတ်ပုံငါးပုံ
(စ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
(ဆ) ယခင်က ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးပါက သက်ဆိုင်ရာဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ
(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်
(ဈ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ည) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် (၆)လအတွင်း ရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း
(ဋ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် (၆)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်မူရင်းတို့ ပါရှိရမည်။

၉။ လျှောက်ထားသူသည် လျှောက်လွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ website www.mopf.gov.mm တွင် ရယူလျှောက်ထားနိုင်ပါသည်။

၁၀။ လျှောက်လွှာများကို နေပြည်တော်ကောင်စီနယ်မြေမှ လျှောက်ထားသူများအတွက် ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၂၆)၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ လျှောက်ထားသူများအတွက် ညွှန်ကြားရေးမှူး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများသို့ လိပ်မူ၍ လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ မှတ်ပုံတင်စာပြုလုပ်၍လည်းကောင်း ၂၄-၁၂-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန် ဖြစ်ပါသည်။

၁၁။ ဝန်ထမ်းများသည် ဌာနအကြီးအကဲခွင့်ပြုချက်လက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၃၁-၁၂-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ပါရန်၊ လျှောက်လွှာမိတ္တူတစ်စောင်ကို ၂၄-၁၂-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန်နှင့် အသေးစိတ်သိရှိလိုပါက ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးရာဌာနစု၊ တယ်လီဖုန်းအမှတ်(၀၆၇-၃၄၁၀၅၃၀)သို့ ဆက်သွယ်မေးမြန်းရန်ဖြစ်ပါသည်။

---

### မူရင်းပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ၂၀/၉၁ နတ်သျှင်နောင်လမ်းနေ ဒေါ်နော်ခူးဝါး (၇/တငန(နိုင်)၀၁၀၅၈၆)သည် ဆင်မ (မိုရေအေး) မှတ်ပုံတင်အမှတ် 3/2022 ကို တစ်ဦးတည်း အမှန်တကယ်ပိုင်ဆိုင်ပြီး ဆင်မ မိုရေအေး၏ မှတ်ပုံတင်မူရင်းသည် ၃-၉-၂၀၂၄ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဖုန်း-၀၉-၄၂၃၁၇၈၆၃၅

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/5991 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညနရုံး၊ခရိုင်ရုံး(စစ်ကိုင်း)**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ် ၇၉၅၊ ဦးပိုင်အမှတ် ၉ဃ+၉ဈ+၁၀.က၊ ၆၃လမ်း၊ ၂၃x၂၄ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးခင်မောင်အေး ၁၂/ပဘတ(နိုင်) ၀၂၇၉၇၈က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၄၊ ဦးပိုင်အမှတ် ၁၂/၆၃လမ်း၊ ၁၉x ၂၀လမ်းကြားရှိ ဦးသန်းညွှန့်၊ ဒေါ်ဒေါ်ငွေစိန်အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၈၁၂/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်အေးသီတာ ၉/အမရ(နိုင်)၁၃၄၆၃၆၊ ဦးအုပ်စိုးသိန်း ၉/အမရ(နိုင်)၁၃၈၈၈၆၊ ဒေါ်ပိုပိုသိန်း ၉/အမရ(နိုင်)၁၃၈၈၈၇၊ ဦးမြစိန် ၉/အမရ(နိုင်)၀၁၁၃၄၂၊ ဒေါ်ဌေးဌေးဝင်း ၉/မနမ(နိုင်)၀၅၆၈၉၈၊ ဒေါ်အေးအေး ၉/မနမ(နိုင်) ၀၅၆၉၀၀ တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၅၉၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်မာချို ၉/စကတ(နိုင်)၀၀၁၅၃၃က မြေကွက်၏ဂရန်စာချုပ်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ အမွေဆက်ခံစာချုပ် တို့တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

### ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

### မွေးသက္ကရာဇ်အမှန်

တောင်သာမြို့နယ်၊ ဆုံကုန်းကျေးရွာနေ (ဘ) ဦးကျော်တင်၏ သမီး ဒေါ်ဆုနှင်းဖြိုး ၉/တသန(နိုင်) ၂၀၈၁၂၇၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၇- ၁၉၉၇ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့၊ အ.ထ.က(၂)၊ Grade-12မှ မနန္ဒာအေး၊ Grade-9မှမအေးအေးငြိမ်းတို့၏ဖခင် အမည်မှန်မှာ ဦးကျော်စိုးထွန်း ၅/ကဘလ(နိုင်)၁၇၂၂၅၂ ဖြစ်ပါကြောင်း။

**ဦးကျော်စိုးထွန်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/24525, Yunde 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းထက်အောင် ၉/အမရ (နိုင်) ၂၀၄၃၅၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/16448 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမင်းလှိုင် ၉/ဝတန(နိုင်)၁၂၇၆၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကျောက်ဆည်)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ အကွက်အမှတ် (၈.Lı အောက်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ် (၂၈)၊ ဧရိယာ (၀.၀၄၉)ကေရှိမြေနေရာသည် D.O.R.P No . 81 / 1961-1962 အရ L,No. 16 ဖြင့် (၇-၉-၁၉၆၃)မှ (၆-၉-၁၉၇၃)ရက်အထိ (၁၀)နှစ် လူနေဂရန်အတွက် ဦးကျော်ခင်၊ မစိန်ပု၊ မောင်မောင်တို့အမည်ဖြင့် ဂရန်ရရှိထားသောမြေနေရာဖြစ်ပါသည်။ အဆိုပါမြေနေရာပေါ်တွင် လက်ရှိနေထိုင်ကြသည့် မအူပင်မြို့၊ အမှတ် (၈)ရပ်ကွက်၊ ရေလဲလမ်းနှင့်ရတနာလမ်းဒေါင့်၊ အမှတ်(၃၄၇)နေ ဦးခင်ကြည် (၁၄/မအပ(နိုင်)၀၂၅၄၈၉)နှင့် ဒေါ်စီစီ (၁၄/မအပ(နိုင်) ၀၂၅၅၄၄) တို့မှ မြေငှားဂရန် သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားရာတွင် စာရွက်စာတမ်းအထောက်အထားများအနေဖြင့် ဂရန်အမည်ရှင် ဒေါ်စိန်ပုမှ ဦးဝင်းနိုင်အား ကိတ္တိမသားအဖြစ် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ချုပ်ဆိုသည့် စာချုပ်အမှတ်(၂/၁၉၉၈)မူရင်း၊ ဦးဝင်းနိုင်ကွယ်လွန်ကြောင်း သေဆုံးမှုလက်မှတ် ၊ ဦးဝင်းနိုင်၏ ဇနီးဖြစ်သူ ဒေါ်စီစီမှ မြို့နယ်တရားရုံးတွင်ဆောင်ရွက်သည့် ကျမ်းကျိန်လွှာ(၁၃၀/၂၀၂၄)မူရင်း၊ ဂရန်အမည်ရှင် ဦးမောင်မောင်မှ ဦးခင်ကြည်သို့ အိမ်၊ မြေနှင့် အကျိုးခံစားခွင့်များ လွှဲပြောင်းခြင်း (အရပ်ကတိ)စာချုပ်၊ ဦးခင်ကြည်မှ မြို့နယ်တရားရုံးတွင် ဆောင်ရွက်သည့် ကျမ်းကျိန်လွှာ(၁၂၉/၂၀၂၄)မူရင်း၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်နှင့် ရပ်မိ/ရပ်ဖများ၏ ထောက်ခံချက်များနှင့်အတူ ပူးတွဲတင်ပြလျက် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့မြေငှားဂရန်သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားရန် ဆောင်ရွက်မှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း မအူပင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် မြေစာရင်းဦးစီးဌာနနှင့် အမှတ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာရွက်စာတမ်းဖြင့်ဖြစ်စေ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် ယခုကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။ **အုပ်ချုပ်ရေးမှူး**

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ၈၉-၁၂၊ ဦးပိုင်အမှတ် ၂၉-ခ၊ ၄၈x၄၉ကြား၊ ၁၀၇x၁၀၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ပြုံးထွေး ၉/အမရ(နိုင်)၀၀၄၀၉၆၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၃၇၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ တုံလန်မေ(ခ) ဒေါ်ကြူကြူလှိုင် ၁၃/ကမန(နိုင်)၀၂၇၄၂၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ဃ/၇၁၁၄၁, Honda Click-150 ယာဉ်လက်ဝယ်ရှိသူ Zay Thiha Lin Co.Ltd, က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/၈၆၆၅၄, Honda C-90 Custon, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းထိုက် ၉/ခမစ(နိုင်)၀၄၉၆၅၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 24W/1257 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ရွှေဘိုတက္ကသိုလ်
## (နေ့သင်တန်း)နှင့် (အဝေးသင်)သင်တန်း
## ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရွှေဘိုတက္ကသိုလ်တွင် ကျင်းပခဲ့သည့် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အဝေးသင်(သင်တန်း) ၂၀၂၃ ပညာသင်နှစ်၊ ၂၀၂၄ ပညာသင်နှစ်အတွက် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ စာမေးပွဲများကို ဖြေဆိုအောင်မြင်ကြသူများသည် ရွှေဘိုတက္ကသိုလ်၏ ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့ (သို့) အဝေးရောက်ဘွဲ့ယူရန်အတွက် ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းခြင်းကို (၁၆-၁၂-၂၀၂၄) ရက်မှ (၈-၁-၂၀၂၅)ရက်အထိ (ရုံးပိတ်ရက်မပါ) ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်ထားသူ၏ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ (၁၅၀၀၀/) (ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ (၁၀၀၀၀/-) (ကျပ်တစ်သောင်းတိတိ) ပေးသွင်းရပါမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ရွှေဘိုတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

၄။ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟု ဖော်ပြပြီး ပါမောက္ခချုပ်၊ ရွှေဘိုတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနစ်နှင့်လ၊ နေရပ်လိပ်စာ အပြည့်အစုံကို တိကျစွာ ဖော်ပြရပါမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၅။ ဘွဲ့လျှောက်ထားသူများသည် ရွှေဘိုတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာနနှင့် အဝေးသင်သင်တန်းဌာနများတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံရယူ၍ ပြီးခဲ့သည့် (၁)လအတွင်း ရိုက်ကူးထားသော (၁ ½" - ၂") အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံနှင့် အတူ မှတ်ပုံတင်မိတ္တူပူးတွဲ၍ လျှောက်ထားရပါမည်။ (ရောင်စုံဓာတ်ပုံကို မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်းဝတ်စုံ(ဝတ်စုံပြည့်)တို့ဖြင့် ရိုက်ကူးရန်ဖြစ်သည်)၊

၆။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်မည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)အနက်မှ မိမိကြိုက်နှစ်သက်ရာဝတ်စုံကိုအပြည့်အစုံဝတ်ဆင်၍တက်ရောက်ရမည်ဖြစ်သည်။ သတ်မှတ်ထားသည့်အတိုင်း ဝတ်ဆင်ခြင်းမရှိပါက အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားကို တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၇။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ ယခင်နှစ်များကဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားနိုင်ပါသည်။

၉။ အသေးစိတ်အချက်အလက်များကို ရွှေဘိုတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**သင်တန်းရေးရာဌာန**
**ရွှေဘိုတက္ကသိုလ်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅ )
## သဃ်န်းကျွန်းမြို့နယ် တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၃

ဦးလှစိုး နှင့် ဦးနော်အောင်
(တရားလို) တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်၄၃၈/ခ ရပ်နေ ဦးနော်အောင် (ယခုနေရပ်လိပ်စာမသိ)သိရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ၁၁ ရက်(၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၁ရက်) မွန်းမတည့်မီ နံနက်(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။သင်ကထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲနိုင်ထွန်း)**
**မြို့နယ်တရားသူကြီး**
**သဃ်န်းကျွန်းမြို့ နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ ရပ်ကွက်၊ အကွက်အမှတ် ၀-၂၊ ဦးပိုင်အမှတ် ၁၆ ခဲစင်းအနောက်ခြမ်း၊ ၆၂x ၆၃ကြား၊ ၄ရွှေဝါလမ်းရှိ ဗိုလ်မှူးထွန်းသိုက်အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်ယုယုလွင်ဦးက တရားပြိုင် ဗိုလ်မှူးထွန်းသိုက် အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၉၀/ ၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်ယုယုလွင်ဦး ၉/အမဇ(နိုင်)၀၂၂၆၂၃က ဂရန်စာချုပ် တရားရုံးအမိန့်တို့တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးကျော်ကျော်နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဂဂ-၃)၊ ဦးပိုင်အမှတ် (၈၂)၊ ဧရိယာ (၀.၀၅၅၁)ဧကအတွင်းမှ မြောက်ဘက်ခြမ်း ဧရိယာ (၂၇x၆၁)ပေအကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် မြေပေါ်မြေအောက်ပိုင်ဆိုင်ခွင့်အရပ်ရပ်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးကျော်ကျော်ထံမှ ကျွန်မ ဒေါ်နန်းရွှေရည်လင်း(ဘ)ဦးသိန်းထွန်း (၉/မကန(နိုင်)၁၀၃၀၀၁)က (၈-၇-၂၀၁၅) ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ကတိစာချုပ်အရ ဖော်ပြပါမြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ဦးကျော်ကျော်က ဤသတင်းစာကြေညာသည့်ရက်မှ (၂၁)ရက် အတွင်း ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက တည်ဆဲ တရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးကျော်ကျော်နှင့် အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဒေါ်နန်းရွှေရည်လင်း ၉/မကန(နိုင်)၁၀၃၀၀၁**
**ဖုန်း-၀၉-၂၅၉၂၂၀၃၄၅၊ အသိပေးကြေညာသူ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၄၃၃၉)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးဝင်းဇော်(ခ)ချွန်မင်း အမည်ပေါက် ပါမစ်မြေကွက်အား ဦးသက်ခိုင် ၇/ပခန(နိုင်)၀၃၅၄၀၇မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက် မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမိုးကျော်သူ ၁၀/မလမ(နိုင်)၂၁၀၄၁၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမိုးကျော်သူမှာ 3k/8331, Bongo အမျိုးအစား Light truck အဖြူရောင် ယာဉ်အား အမည်ပေါက်ပိုင်ဆိုင်လက်ရှိထားလုပ်ကိုင်နေသောယာဉ်ဖြစ်ရာ အဆိုပါယာဉ်နှင့်ပတ်သတ်၍ အများအထင်အမြင် လွဲမှားစေရန် အပြောအဆို အရေးအသားများ၊ လူမှုပတ်ဝန်းကျင်တွင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းပြောဆိုခြင်းများမပြုလုပ်ပါရန် အသိပေးတားမြစ်ပါသည်။ အကယ်၍ ထိုသို့ပြုလုပ်သူ မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီသီဝင်း(LLB)(စဥ်-၁၃၇၅၀)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း - ၀၉-၄၂၅၂၇၇၁၃၉**

## အများသိရှိရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၀)နေ ဦးရဲဇင်အောင် ၉/ပဥလ(နိုင်)၀၄၀၆၄၆၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် လူမှုကွန်ရက်ပေါ်တွင် Ye Zin Aung အမည်ဖြင့် Facebook account ဖွင့်လှစ်အသုံးပြုပြီး Yaung Ni Gas အမည်ဖြင့် Gas ရောင်းဝယ်ရေးလုပ်ငန်းအား တည်ထောင်လုပ်ကိုင်နေသူဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ လုပ်ငန်းနှင့်ပတ်သက်၍ ဆက်သွယ်ရေးလုပ်ငန်းတွင် အသုံးပြုလျက်ရှိသည့်လုပ်ငန်း Page, Facebook, Telegram, Group Messenger, Viber, Phone Massage များမှတစ်ဆင့် စိတ်အနှောင့်အယှက်ဖြစ်စေပြီး ဂုဏ်သိက္ခာထိခိုက်နစ်နာစေရန်လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာစေရန် မိသားစုဘဝထိခိုက်နစ်နာစေရန်နှင့် လူမှုပတ်ဝန်းကျင်တွင် ဂုဏ်သရေညှိုးနွမ်းနာမည်ပျက်ပြားစေရန်ရည်ရွယ်၍ မဟုတ်မမှန်သော အကြောင်းအရာများကို ရေးသားဖော်ပြခြင်း၊ ဖုန်းဖြင့်နှောင့်ယှက်ပြောဆိုခြင်း၊ နည်းအမျိုးမျိုးဖြင့် ဖြန့်ဝေခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း ကျွန်ုပ်မိတ်ဆွေထံမှ သိရပါသည်။ ကျွန်ုပ်မိတ်ဆွေကို ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေ၏ Yaung Ni Gasလုပ်ငန်းကိုဖြစ်စေ၊ အခြားကျွန်ုပ်မိတ်ဆွေ၏ Gas လုပ်ငန်းနှင့်ပတ်သတ် ဆက်နွယ်လျက်ရှိသော မိသားစု၊ ဆွေမျိုးအသိုင်းအဝိုင်းကိုဖြစ်စေ အများသူငှာအထင်အမြင်လွဲမှားစေပြီး ဂုဏ်သိက္ခာ ကျဆင်းစေမည့် ပြုလုပ်ချက်များကို လူမှုကွန်ယက်မှ တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ၊ လူမှုပတ်ဝန်းကျင်မှဖြစ်စေ ပြောဆိုခြင်း၊ ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ တစ်ဆင့်ပြန်လည်ဖြန့်ဝေခြင်း၊ မှတ်ချက်များဝင်ရောက်ရေးသားခြင်းများကို လုံးဝမပြုလုပ်ရန်နှင့် အကယ်၍ပြုလုပ်ထားပါက ပြန်လည်ရုပ်သိမ်းဖျက်သိမ်းပေးပါရန် တင်းတင်းကြပ်ကြပ်တားမြစ် အသိပေးလိုက်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ဆက်လက်ရေးသားဖော်ပြခြင်း၊ ဖုန်းဖြင့်ဆက်သွယ်နှောင့်ယှက်ပြောဆိုခြင်းများရှိပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးရဲဇင်အောင်**
**၉/ပဥလ(နိုင်)၀၄၀၆၄၆**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေမျိုးဇော် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့**
**ဒေါ်ခင်မြတ်နိုးဦး(LL.B,D.B.L)**
**အထက်တန်းရှေ့နေ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်မျိုးထိုက် ၁၂/ဥကမ(နိုင်)၂၃၁၁၇၀၏ (CDC-၈၆၉၀၅)၏ BST လက်မှတ်နှင့် CDC စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**အောင်မျိုးထိုက်**
**ဖုန်း-၀၉-၈၅၅၄၈၄၁၁**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အထက(၁) Grade(9) မှ မယုယလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းဦး ၁၀/မဒန(နိုင်)၁၆၃၄၅၂ ဖြစ်ပါကြောင်း။

**ဦးမျိုးမင်းဦး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၄၁၊ ဦးပိုင်အမှတ် ၅၇/၅၂ လမ်း×ပြင်ဦးလွင်လမ်းကြား၊ ၄၁x၄၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒုတိယဗိုလ်မှူးကြီးဆန်းအောင် ၁၀/မဒန(နိုင်)၀၀၅၉၃၉ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၇၈၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နှင်းယုလှိုင် ၉/မရမ(နိုင်)၀၈၃၃၉၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/၂/ လက်ပံခါးလှ(အောင်ဇမ္ဗူ)ရှိ မြေကွက်အမှတ်(၃၆၁)အား ဇမ္ဗူသီရိမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လွှဲပြောင်းပေးသည့် ဦးပိုင်မှတ်ပုံစာရင်း(၁-က)တွင် အမည်ပေါက် ဖော်ပြထားခြင်းမရှိဘဲ ဧရိယာ(၀.၀၈၀)ဧကဟုသာ ဖော်ပြထားရှိသဖြင့် ၎င်းမြေကွက်အား ဒေါ်မူမူမြင့် (ဘ)ဦးခင်မောင် ၉/ပမန(နိုင်)၀၄၄၇၁၆ မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ မှတ်ပုံတင် အမှတ်(၉၇၅/၂၀၂၄)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ အမည်ပေါက်ပိုင်ရှင် မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေကွက်အမည်ပေါက် ဖြည့်သွင်းပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီမြေကွက်အမည်ပေါက်ဖြည့်သွင်းခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ် ခ-၃၊ ဦးပိုင်အမှတ် (၁၂)၊ ၄၁x၄၂လမ်းကြား၊ ၆၆လမ်းရှိ ဒေါ်နုနုရည်အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးကျော်၊ မိခင် ဒေါ်နုနုရည်တို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၉၄၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော သားသမီးများဖြစ်ကြသည့် ဦးတေဇကျော် ၉/မဟမ(နိုင်)၀၀၁၇၃၁၊ ဒေါ်ထိပ်ထိပ်ကျော် ၉/မဟမ(နိုင်)၀၀၁၇၃၂တို့က အမှုတွဲအမှတ်(၅၂၄၇/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီ ကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၁၊ မြေကွက်အမှတ်၂၉၊ မြေကွက်တည်နေရာအမှတ် (၂၂၉)၊ ဝေဇယန္တာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးချင်းနယား ၁၂/ရကန(ပြု)၀၀၀၀၀၁အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား ဦးချင်းနယား(ဖခင်)နှင့် MEENACHI(မိခင်)တို့ အသီးသီးကွယ်လွန်ပြီး မွေးဖွားသော သား/သမီး(၈) ဦးအနက် သမီးတစ်ဦးဖြစ်သူ ရာသာမနီ (ကွယ်လွန်)သဖြင့် ၎င်း၏အစုအတွက် မောင်ထွေး ၇/ပခန(နိုင်)၁၉၃၀၇၄ ခင်ပွန်းနှင့် ပူးတွဲ၍အမည်ပေါက်၏ ကျန်သား/သမီးများဖြစ်ကြသော ရာဂျန် ၁၂/ရကန(ပြု) ၀၀၀၀၀၃ ၊ စန်သီ ၁၂/ရကန(ပြု) ၀၀၀၀၀၅၊ ဂျေရာဘာလူး ၁၂/ရကန (ပြု) ၀၀၀၀၀၆ ၊ ဆူရေဒီရန် ၁၂/ရကန (ပြု) ၀၀၀၀၀၇ ၊ ရာပိန်ဒီရန် (RAVINDRAN) ၁၂/ရကန(ပြု) ၀၀၀၀၀၉၊ ဘာဆူကီး ၁၂/ရကန(ပြု)၀၀၀၀၀၈)၊ KALAINANI(ခ)နီနီအောင် ၁၂/ရကန(ပြု)၀၀၀၀၃၇တို့မှ သား/သမီး/ သားမက်များတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၁၃၁၄/၂၀၂၄/၃၁-၅-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **ဌာနမှူး( ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၁၅၃၇၂, Honda Wave -100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့် ၆/သရခ(နိုင်)၀၃၀၃၉၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဖလံပင်ကုန်းကျေးရွာနေ ဦးဝင်းနိုင် ၉/စကတ(နိုင်)၀၅၂၉၀၀ စိုက်ပျိုးလုပ်ကိုင်သော မီးသွေးဘုတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၄၈-ဆ၊ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ ၃.၃၄ ဧကရှိ ယာမြေမျိုး သည် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် ဒုတိယမိတ္တူမှန် ပြန်လည်လျှောက်ထားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးဝင်းနိုင်**
**ဖုန်း-၀၉- ၆၈၅၀၄၅၈၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/24003, Wangiang-125,M/C ယာဉ်လက်ဝယ်ရှိသူ Eastern Utopia Enterprices Co.Ltd,က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/67839, Sunbo-125,M/C ယာဉ်လက်ဝယ်ရှိသူ Saung Yati Aye Co. Ltd, က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/1335 ၏ယာဉ်လက်ဝယ်ရှိသူ ဦးရဲလင်းစိုး ၉/တသန(နိုင်) ၁၈၂၂၅၆မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက် ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ် ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/15199, Honda Click 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးလွင် ၅/တဆန(နိုင်)၀၇၈၆၆၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/57632, Honda -125, M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## အမည်မှန်၊ မွေးသက္ကရာဇ်အမှန်

ဦးပဲန်တန်း၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ Success ကိုယ်ပိုင်အထက်တန်းကျောင်း Grade -9မှ မောင်ရှာန်ကျုံး၏ အမည်မှန်မှာ မောင်ရှာန်ကျုံးလျှန် ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၇-၅-၂၀၀၆ ဖြစ်ပါကြောင်း။

**မောင်ရှာန်ကျုံးလျှန်**

## ဖြည့်စွက်ခေါ်ပါရန်

ဦးမားစ်လျှန်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ Success ကိုယ်ပိုင် အထက်တန်းကျောင်း Grade -9မှ မဗန်ကျဲရုံကျင်အား မဂျေနီဗန်ကျဲရုံကျင်ဟု ဖြည့်စွက်ခေါ်ပါရန်။

**မဂျေနီဗန်ကျဲရုံကျင်**

## ပတ်စ်ပို့ပျောက်

ပင်လုံမြို့၊ ရပ်ကွက်(၃)နေ (ဘ)ဦးဝင်းလှိုင်၏သမီး နန်းခမ်းအောင် ၁၃/လလန(နိုင်)၁၁၈၀၂၄၅၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-984257) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၅၀၂၇၅၅**

## ပတ်စ်ပို့ပျောက်

လားရှိုးမြို့၊ ရပ်ကွက်(၈)နေ (ဘ) ဦးဝမ်ကွေဝမ်၏သား မောင်ဝမ်ကြူရှန် ၁၃/လရန(နိုင်) ၁၀၆၆၅၈၏ နိုင်ငံကူးလက်မှတ်အမှတ် (M-385198)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၂၅၈၅၁၀၄၈၃**

## ပတ်စ်ပို့ပျောက်

ရပ်စောက်မြို့၊ ထီးခမ်းရွာနေ (ဘ)ဦးတင်ထွန်း၏သား မောင်ဖြိုးထက်ကျော် ၁၃/ရစန(နိုင်)၁၀၇၈၈၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-564122)သည် ပျောက်ဆုံးသွားပါ သဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၄၁၃၅၁၃၀

## ပျောက်ဆုံးကြောင်း

(ဘ)ဦးကုမ္မာ၏သမီး ကျွန်မ နန်းဆီန္ဒန်း ၁၃/တခလ(နိုင်) ၀၆၃၉၄၃၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၄၄၁၄၂၉၃**

## အများသိစေရန် အသိပေးကြေညာခြင်း

တာချီလိတ်မြို့၊ ဟောင်လိတ်အုပ်စု၊ ဆေခမ်းရပ်ကွက်(၇)လမ်း၊ အိမ်အမှတ်(၃၂၄)နေ (ဘ)စိုင်းဆမ်တစ်၏သမီး ကျွန်မ နန်းဟွမ်တစ် ၁၃/ကတန(နိုင်)၁၀၁၅၄၀နှင့် တာချီလိတ်မြို့နေ (ဘ) ဦးစိုင်းရှဲန်နွဲ့၏သား စိုင်းနွဲ့ ၁၃/ခလန(နိုင်) ၀၀၀၅၀၉တို့သည် ၂၀၀၈ခုနှစ်တွင် နှစ်ဦးသဘောတူ လက်ထပ်ထိမ်းမြားခဲ့ကာ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး ၂၀၁၉ခုနှစ်တွင် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့သဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**နန်းဟွမ်တစ်**
**၁၃/ကတန(နိုင်)၁၀၁၅၄၀**

## ငွေချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)
## မြစ်ကြီးနားမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၈

ဒေါ်ခေါန်ဆန့် **နှင့်** ဦးခင်မောင်မြင့်
(တရားလို) (တရားပြိုင်)

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဒေဒ်၊ တပ်ကုန်းရပ်ကွက်၊ အိမ်အမှတ် (၂၇)နေ တရားပြိုင် ဦးခင်မောင်မြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခေါန်ဆန့်က "အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၅ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မီမီစိုး)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**မြစ်ကြီးနားမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ (၈၄)ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၁၇၂/ခ)၊ အကျယ်အဝန်း(၄၀ပေx ၆၀ပေ)အနက်မှ အကျယ်အဝန်း ပေ(၂၀x၆၀)မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား ဒေါ်ခင်ထွေး ၁၀/ကမရ(နိုင်)၀၁၆၈၅၇မှ အရှုပ်အရှင်းကင်းပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဦးထွန်းအောင် ၉/ကပတ(နိုင်)၁၈၇၂၉၇မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးထွန်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမျိုးနိုင် (LL.B,WIPO-Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၄၃၁၉၈)**
**အမှတ်(၂၂၉)၊ သရဖီလမ်း၊ (၁၄/စီမံကိန်း- ၁)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၅၃၂၈၂၆၃၊ ၀၉-၇၅၆၀၂၁၉၇၁**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အကွက်အမှတ် (၁၆က/၈)၊ ဦးပိုင်အမှတ်(၂၄၆/၁)၊ မြေဧရိယာ ၀ ဒသမ ၀၁၄၄ကေရှိ မြေကွက်သည် ဦးတင်စိုး ၉/ညဥန(နိုင်)၁၃၄၉၁၂ အမည်ဖြင့် မြို့မြေခွန်ပြေစာစည်းကြပ်လျက်ရှိပါသည်။ ယခုအခါ ဦးတင်စိုး အမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်ကြေညာခြင်း

